


# မဂ္ဂင်အလုပ်က
# ထုံးစံနဲ့ဖွဲ့တိုက်ရတယ်

ဟောကြားသည့်နေ့
၁၈ - ၉ - ၆၁

(၂၇၇)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂၅-၃၈) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

## မဂ္ဂင်အလုပ်က ထုံးစံနဲ့ဖွဲ့တိုက်ရတယ်

ဟောကြားသည့်နေ့ (၁၈-၉-၆၁)

လူမိုက်နဲ့လူလိမ္မာကို ထူးထူးခြားခြားသိစေချင်တယ်၊ ထူးထူးခြားခြား သိစေချင်တော့ကို လူမိုက်နဲ့လူလိမ္မာ ထူးထူး ခြားခြား သိစရာအရေးကို သံဃာတွေ စည်းဝေးပြီးသကာလ ရဟန်းတို့ လူမိုက်နဲ့လူလိမ္မာ ဘာထူးသတုံးကွာတဲ့ မေးတယ်၊ မေးပင်မေးငြားသော်လည်းကဿပဘုရား လက်ထက်ကတည်း ကိုက သာသနာက ဘုရားလည်း ပရိနိဗ္ဗာန်စံ သာသနာလည်း ကွယ်ဖြစ်နေတော့ တစ်ခါတည်း တရားတွေက အကုန်ပျောက် နေတယ် . . . (မှန်ပါ့ဘုရား)။

## လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံး

ပျောက်ကုန်တော့ ရဟန်းကလည်း အဆက်က သာသမညပဲရှိကြတယ်၊ ဘုရားပရိနိဗ္ဗာန်စံလို့သာသနာ လုံးဝ ဆုတ်ယုတ်သွားတော့ အကုန်အကျင့်တွေ ဖောက်ပြန်ပြီးတော့ ဒါ့ကြောင့် တချို့ရဟန်းတွေ တောင်ကလပ်ပေါ် တက်ပြီးတော့ ကဲ. . . သာသနာတော်ဖြင့် ဘုရားကလည်း ပရိနိဗ္ဗာန်စံပြီး သာသနာတော်မှာလည်း ရဟန်းတော်တွေ ဖောက်ပြန်ပြီဆိုပြီး တော့ တောင်ကလပ်ပေါ်တက်ပြီး အားထုတ်ကြတယ်၊ ရဟန်း တွေ အကျင့်ဖောက်ပြန်တာနဲ့ ရဟန်းတော်အချို့ အသေခံပြီး အားထုတ်ကြတယ်ကဿပမြတ်စွာဘုရားက သာသနာမထား ရစ်ခဲ့ဘူး၊ အဲဒီကတည်းက သာသနာက ကွယ်ပြီးလာတော့ ဂေါတမဘုရား၊ လက်ထက်မှာ ဘုရားလည်းပွင့်လာရော လူမိုက်နဲ့လူလိမ္မာ ဘာထူးသတုံး . . . လို့ ဘုရားက သံဃာတွေ စည်းဝေးပြီး မေးလိုက်တဲ့အခါမှာ တစ်ပါးမှ မဖြေနိုင်ဘူး (မှန်ပါ) ဘာဖြစ်လို့ မဖြေနိုင်တာတုံး မေးတော့ တရားအစဉ်အဆက် ဆောင်လာတာမရှိလို့ . . . (မှန်ပါ့)။

အသက်တမ်းကလည်း ရှည်တဲ့ဘုရား နှစ်သောင်းတန်း မှာ ပွင့်တဲ့ဘုရားဖြစ်ပြီး သက္ကာလနေတော့ သာသနာမထား တော့ဘူး . . . (မှန်ပါ့)။

ဒါနဲ့ ရဟန်းတွေစည်းဝေးပြီး ဘုရားက လူမိုက်နဲ့လူလိမ္မာ ဘာထူးသတုံးကွလို့ မေးလိုက်တဲ့အခါမှာ တစ်ပါးမှ မဖြေ နိုင်ဘူး . . . (မှန်ပါ့)။

## သာသနာက တည်းတည်းကျန်တော့တယ်

ကဲ. . . မဖြေနိုင်ပုံ ရိပ်မိကြပြီ၊ ပါရမီမရှိလို့ . . . (မှန်ပါ့) ပါရမီမရှိလို့ဆိုတာ သိတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ လည်း သာသနာက တည်းတည်းကျန်တော့တယ် . . . (မှန်ပါ့ဘုရား) တည်းတည်းကျန်လို့ ဖောက်ပြန်ပျက်စီးနေတာ တွေလည်း ဦးမာဒင်တို့ သိတဲ့အတိုင်းပါပဲ . . . (မှန်လှပါဘုရား) အကောင်းနဲ့အဆိုး ဆိုလို့ရှိရင် အကောင်းက အနည်းပဲရှိတယ် အဆိုးက များနေတယ် . . . (မှန်ပါ့)။

## အခုဟာ အကောင်းဆုံးအချိန်

အဲဒီတော့ ဒီ-သာသနာကလေးမှာ နောက်ပိုင်းလည်း ကျနေတော့ အခုဟာ အကောင်းဆုံးအချိန်ဆိုတာကို ကိုယ့်ဟာ ကိုယ် ဆုံးဖြတ်ချက်ချပြီး ဒီ-အရောင်ကွယ်ရင် ပျောက်တော့မယ် . . . မွေးလာတဲ့ပုဂ္ဂိုလ်တွေဟာ အပါယ်သွားဖို့ မွေးတာက များတယ်လို့ မှတ်ရမယ် . . . (မှန်လှပါ) အခု ဒီအရောင်ကလေး ကွယ်သွားရင်ပေါ့လေ . . . (မှန်ပါ့)။

အဲဒီတော့ ကိုယ်လည်းမှီလိုက်ရုံရှိတာပဲဆိုပြီး အားလုံး ဒကာဒကာမတွေက မှီတာကလေး လက်မလွတ်စေနဲ့ . . . (မှန်လှပါဘုရား)။

## မှီတာကလေးကို လက်မလွှတ်စေနဲ့

မှီတာကလေးကို လက်မလွှတ်စေနဲ့ဆိုတာ ဘုန်းကြီးများက တစ်ခါ ကဿပဘုရား သာသနာမထားတာ ထောက်ခဲ့လို့ အခု ဘုရားလက်ထက်မှာ လာမေးတော့ တစ်ပါးမှ မဖြေနိုင်တာ ထောက်ကြည့်တော့ သာသနာဟာ ပြတ်ထွက်သွားတယ်. . . (မှန်ပါ့)။

အဲဒီတော့ ဒီဘုရားကတော့ သက်တမ်းတိုတဲ့ခေတ်မှာ ပွင့်တော်မူတဲ့ မြတ်စွာဘုရားမို့ သာသနာထားခဲ့တယ် . . . (မှန်ပါ့) ထားတာဟာ ထားချင်လို့ ထားတာမဟုတ်ပါဘူးတဲ့ . . . အားလုံးပေါင်း ငါနဲ့ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေက ငါချွတ်လို့ ကုန်ပြီဆိုတော့ ဘုရားနဲ့ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်က ပဥ္စဝဂ္ဂီအစ သုဘဒ်ရဟန်းအဆုံး . . . (မှန်ပါ့ဘုရား) ကျန်တာတွေကို သာဝကတွေက သူ့ဆရာနဲ့သူ့တပည့် သူတို့ ချွတ်ရစ်လိမ့်မယ် ဆိုပြီးတော့ သာသနာထားခဲ့တယ် . . . (မှန်ပါ့)။

## တရားမှန်တရားထူးကိုကြိုးစားယူကြ

သူ့ဆရာနဲ့ သူ့တပည့် ကျွတ်ရစ်လိမ့်မယ်ဆိုပြီး သာသနာထားခဲ့တော့ကို တို့တော့ တို့ဆရာနဲ့ တို့တပည့်နဲ့ပဲ ကျွတ်တန်းဝင်ဖို့ ထားခဲ့တဲ့အတိုင်း တို့အတွက်လည်း အခုတွေ့တာ ဒါပဲ ဆုံးဖြတ်ချက်ချပြီးတော့ကို တရားမှန်, တရားထူးကို ကြိုးစားယူကြ. . . (မှန်ပါ့)။ သဘောကျပလား. . . (ကျပါပြီဘုရား)။

အားလုံး ဒကာ ဒကာမတွေ ဒီအတိုင်းမှတ်ထားရတယ် . . . (မှန်ပါဘုရား)။ ဒီအတိုင်းမှတ်ထားရမယ်၊ အို. . . တော်တော်ကြာ သူ့ဟာဖြင့် ဘာမှန်းမသိ, ညာမှန်းမသိနဲ့ ဒါတွေတော့ ဦးမာဒင်တို့ လှည့်ကြည့်မနေနဲ့တော့၊ ကြည့်လို့လည်း မဖြစ်တော့ဘူး. . . (မှန်ပါ့)၊ မွေးလာတာ ဘာဖြစ်လို့ မွေးလာသတုံး. . . စားဖို့သောက်ဖို့ မွေးလာတယ်၊ စားဖို့ ရှာဖို့ မွေးလာတယ်၊ အခုတစ်နိုင်ငံလုံး ပြောဆိုနေတဲ့စကားဟာ ဘယ်သူကဘာ, ဘယ်သူကဘာနဲ့ စားဖို့ပြောတာပဲ. . . (မှန်ပါ့) ဒီ့ပြင်ဘာမှ မပါဘူး (မှန်ပါ့)။ ဒါလဲ အရေးတကြီးပြောတော့တာပဲ၊ သံသရာပြတ်ရေးဆိုတာ ဦးမာဒင်တို့ ရှာမှ ရှားပါတယ် (ရှားပါတယ်ဘုရား)။

## ဒုက္ခဓာတ်သိမ်းရေးဆရာကကွယ်လိမ့်မယ်

စားဖို့ပဲ ပြောနေတာပဲ၊ ဘယ်သူ ကြီးပွားတယ်၊ မင်း

ဘယ်လိုလုပ်ပါလား၊ ဘယ်လိုနိုးပါလား၊ ဘယ်လိုဝှက်ပါလား ဒါပဲ နောက်ဆရာတွေရှိမယ်. . . (မှန်ပါ့) ဒုက္ခဇာတ်သိမ်းရေးဆရာ ဆိုတာကတော့ ကွယ်လာလိမ့်မယ်. . . (မှန်ပါ့) ကွယ်လိမ့်မယ်၊ ကွယ်လိမ့်မယ် ဒါ. . . မကြာတော့ဘူး. . . (မှန်ပါ့)။

ကဲ. . . ဒါဖြင့် အခု မေးလို့မရတော့ ရဟန်းတွေက တပည့်တော်များ ကဿပဘုရား လက်ထက်ကတည်းက သာသနာက ကွယ်လာခဲ့လို့ အခု လူမိုက်နဲ့လူလိမ္မာ ထူးတာ တပည့်တော်များကို အရှင်ဘုရားက မေးတဲ့အခါမှာ ဖြေဖို့ရာ အကြောင်း တပည့်တော်တို့ဉာဏ်ထဲမှာ ပေါ်ကိုမလာဘူးတဲ့၊ ဒါကြောင့် ရှင်အာနန္ဒာကလည်းပါလာတော့ အရှင်ဘုရားတဲ့၊ ဒီဉစ္စာ အရှင်ဘုရားဟောမှ ပြောမှ သိရမည့်ပုဂ္ဂိုလ်တွေ ဖြစ်ပါ တယ်၊ ဒါကြောင့် အရှင်ဘုရားကသာလျှင် ဆိုပါ, ဆုံးမပါဆိုပြီး သကာလ တောင်းပန်တယ်. . . (မှန်ပါဘုရား)။

## လူမိုက်နဲ့လူလိမ္မာဘာထူးသတုံး

အေး. . . ရိုရိုသေသေနာကြကွ၊ ကိုင်းကိုင်းညွတ်ညွတ် နာကြကွာ ငါသေသေချာချာ ရှင်းပြမယ်ဆိုပြီးသကာလ လူမိုက်နဲ့ လူလိမ္မာထူးပုံကို အကြောင်းကျိုးဆက်ပြီးသကာလ ပြပါတယ် . . . (မှန်ပါ့ဘုရား)။

လူမိုက်မှာလည်း အဝိဇ္ဇာကြောင့် သင်္ခါရအလုပ် လုပ်တယ်ကွာ. . . တဲ့၊ သင်္ခါရအလုပ် လုပ်လို့ သူလည်း **ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,** ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးရတာပဲကွတဲ့၊ ဒါ ခန္ဓာရပုံတော့ တူတယ်တဲ့. . . (မှန်ပါ) အတူတူပဲတဲ့ လူလိမ္မာမှာလည်း အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါး ဆိုတာရတာပဲတဲ့ ထူးတော့ မထူးပါဘူးကွတဲ့ အတိတ်အကြောင်းမှာ မထူးကြပါဘူးတဲ့. . . (မှန်ပါ့ဘုရား)။

ဒါတွင်မကသေးပါဘူးကွတဲ့၊ ပစ္စုပ္ပန်မှာလည်းတဲ့ လူလိမ္မာလည်း ဝေဒနာခံစားတာပဲတဲ့၊ **သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ,** ဝေဒနာသုံးမျိုးတော့ ခံစားတာပဲတဲ့၊ လူမိုက်မှာလည်း **သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ**ဆိုတဲ့ ဝေဒနာ သုံးပါး ခံစားတာပဲတဲ့. . . (မှန်ပါ့ဘုရား)။

ကျုပ်တို့ ဒီကောင်းတာလည်း ကျုပ်တို့ကြိုက်ကြတယ်၊ မကောင်းတာလည်း တွေ့ကြုံရတာပဲ၊ အလတ်စားဖြစ်တာတွေလည်း တွေ့ကြုံရတာပဲဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

သို့သော်ကွာတဲ့ ဒီဘက်က လူမိုက်ကတော့ ဝေဒနာနောက်ကနေပြီးသကာလ မြတ်သောအကျင့်ကို မကျင့်တဲ့အတွက် သူ့မှာတော့ တဏှာ, **ဥပါဒါန်ကံ** လိုက်ပြီးသကာလ **ဇာတိ, ဇရာ, မရဏ**တွေနဲ့ သူ့မှာ အခါများစွာတွေ့ရတယ်. . (မှန်ပါ) ဒါလူမိုက်မှာ၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

လူမိုက်တန်းကတစ်မျိုး ဝေဒနာသုံးမျိုး နောက်က **တဏှာ, ဥပါဒါန်, ကံ**လိုက်ပြီးသကာလ **ဇာတိ, ဇရာ, မရဏ** လိုက်တယ် (မှန်ပါ)၊ **ဇာတိ, ဇရာ, မရဏ** မလိုက်ပါနဲ့ဆိုလို့ မရဘူး . . . (မှန်ပါဘုရား)။

## လူလိမ္မာကပဋိစ္စသမုပ္ပါယ်ပြတ်တယ်

ဟိုလူလိမ္မာတော့ ဝေဒနာသုံးမျိုးလည်း သူခံစားတာပဲ တဲ့၊ ခံစားငြားသော်လည်း **တဏှာ, ဥပါဒါန်, ကံ** တို့မလိုက်ဘူး. . . (မှန်ပ့ါ)၊ မလိုက်လို့ **ဇာတိ ဇရာ မရဏ**. . . (မရပါဘုရား)၊ မရဘူးဆိုတော့ ဩော်. . . ပဋိစ္စသမုပ္ပါဒ် တိုတိုပြောကြစို့ ဆိုတော့ လူလိမ္မာက နောက်ပဋိစ္စသမုပ္ပါဒ်ပြတ်တယ် . . . (မှန်ပ့ါ) လူမိုက်က နောက်ပဋိစ္စသမုပ္ပါဒ်ဆက်တယ် . . . (မှန်ပ့ါဘုရား)။

**တဏှာ, ဥပါဒါန်, ကံ**လာတော့ **ဇာတိ ဇရာ မရဏ**, ဆက်တယ် (မှန်ပါ) ဒီကလည်း သူဆက်ဦးမှာပဲ . . . (မှန်ပ့ါဘုရား)၊ **ဇာတိ, ဇရာ, မရဏ**ထဲ အဝိဇ္ဇာ သင်္ခါရထဲ သူပြန်လှည့်မှာ . . . (မှန်ပ့ါ) ဒီဘက်ပြန်ရောက်မယ် . . . (မှန်ပ့ါ) မရောက်ပေဘူးလား (ရောက်ပါတယ်ဘုရား)။

ဒါဘာတုံးမေးရင် ဦးမာဒင်က ဘယ့်နှယ်ဖြေမတုံး (မဂ္ဂဖြတ်ပွစရိယအကျင့် မကျင့်လို့ပါဘုရား)။

ဒါဖြင့် ကျုပ်တို့ လူလိမ္မာဖြစ်ချင်လို့ရှိရင်လည်း မဂ္ဂဗြဟ္မစရိယ အကျင့်ဟာ သူလိုရင်းအချက်ပဲ . . . (မှန်ပါ့) လူမိုက်ဖြစ်ချင်လို့ ရှိရင်လည်း မကျင့်ဘဲ နေရုံပဲ . . . (မှန်ပါ့) မကျင့်ဘဲ နေတော့ **အိုဘေး, နာဘေး, သေဘေး**တွေဟာ ကိုယ့်ပစ္စည်းတွေ ဖြစ်မှာပဲ (မှန်ပါ) မဖြစ်ပေဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

အဲဒါတွေ ထောက်ပြီးသကာလ ကြည့်တော့မှ ဩော် . . . မဂ္ဂဗြဟ္မစရိယ အကျင့်ဆိုတာက သာသနာ့ရှိတုန်း အလုပ် . . . (မှန်ပါ့ဘုရား)။

## သာသနာရှိတုန်းအလုပ်

မဂ္ဂဗြဟ္မစရိယအကျင့် ဆိုတာ (သာသနာရှိတုန်း အလုပ်ပါ) သာသနာလည်း ကွယ်ရော ဒီမဂ္ဂဗြဟ္မစရိယ အကျင့် ဆိုတာ သာသနာဆိုတာ အဆုံးအမ၊ အဆုံးအမဆိုရင် မဂ္ဂဗြဟ္မ စရိယ ကျင့်ရမယ်ကွ၊ အဲဒီ အဆုံးအမကလေးလည်း ကွယ်ပါ ရောတဲ့ မဂ္ဂဗြဟ္မစရိယအကျင့်ကို နည်းပေးမည့်လူလည်း မရှိဘူး၊ ကျင့်မည့်လူလည်း မရှိဘူး . . . (မှန်ပါ့) ကဲ . . . ဘယ်လောက် နစ်နာသတုံး . . . (မှန်ပါ့) မဆိုးဝါးဘူးလား . . . (ဆိုးဝါးပါတယ် ဘုရား)။

ဒါဖြင့် လူမိုက်မှာ မဂ္ဂဗြဟ္မစရိယအကျင့် ကွယ်နေလို့ရှိရင် အခုပြောတဲ့ ဝိပဿနာ မဂ်ဉာဏ်တွေ ကွယ်နေလို့ရှိရင် လူမိုက်

မှာ အခုလည်း သာသနာမရှိဘူး ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့ ဘုရား)။

အခုလဲ . . . (အခုလဲ သာသနာမရှိပါဘုရား) သူ့ အတွက်ဖြင့် အခုလည်း သာသနာ မရှိဘူးလို့ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့) နောက်က ဒကာမကြီးတွေ ဒီအတိုင်းမှတ်ထားပါ . . . (မှန်ပါ့) စားတာသောက်တာ၊ သားရေးသမီးရေး၊ ဝယ်ခြင်းရောင်းဝယ်ကျွေး၊ ကလေးတွေပညာရဖို့ ကိုယ်ကနေပြီး အိမ်ကနေပြီး အပင်ပန်းခံပြီး ထောက်ပံ့ဖို့တွေ ကြိုးစား၊ ဒါဘာမှမဟုတ်ဘူးလို့ မှတ်ရမယ်. . . (မှန်ပါ့) မဂ္ဂဖြဟ္မစရိယအကျင့်နဲ့ ဘာဆိုင်သတုံး၊ ဆိုင်သေးသလား . . . (မဆိုင်ပါဘုရား)။

သားရေး, သမီးရေး, စီးပွားရေးကို ကြိုးစားနေတဲ့ ပုဂ္ဂိုလ်များ ကိုယ့်အရေးပါရဲ့လားလို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ . . . (မပါ-ပါဘုရား)။

ဒါဖြင့် ကိုယ့်အရေးသည် မဂ္ဂဖြဟ္မစရိယအကျင့်ပဲ (မှန်ပါ့)၊ ရှင်းပြီနော် . . . (ရှင်းပါပြီ) ကိုယ့်အရေးဟာ ဘာပါလိမ့် . . . (မဂ္ဂဖြဟ္မစရိယအကျင့်ပါဘုရား)။

## ဗလာသမားချည်းမှတ်ပါ

ဒါဖြင့် ဒါကို ဦးမာဒင်တို့ မကျင့်ရသေး နောက်က ဒကာဒကာမတွေ မကျင့်ရသေးဆိုရင် တို့အရေး ဗလာရှိပါသေး

လား . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) ကိုယ့်ကိုယ်ကယ်တင်တဲ့အရေးကဖြင့် ဗလာပဲရှိသေးတယ် (မှန်ပါ့ဘုရား)။

ကဲ . . . ဦးမာဒင်က ချိန်ကြည့်တာပေါ့၊ နောက်က ဒကာဒကာမတွေက ချိန်ကြည့်တာပေါ့၊ လောကကြီးထဲမှာ ဘယ်သူကြီးပွားတယ်, ဘယ်သူအလတ်စားဖြစ်နေတယ်၊ ဘယ်သူ မင်းဖြစ်နေတယ်၊ ဘယ်သူအမတ်ကြီး ဖြစ်နေတယ်၊ ဗလာသမားချည့်မှတ်ပါ . . . (မှန်ပါ့) ဆိုထိုက်ပလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

## သာသနာအဆုံးအမကွယ်နေလို့

ဗလာသမားတွေတဲ့ ဗလာသမားဆိုတာ ဘာကြောင့် ဆိုရပါလိမ့်မတုံးဆိုတော့ သာသနာ အဆုံးအမကွယ်နေလို့ မဂ္ဂဗြဟ္မစရိယအကျင့်ကို မကျင့်ဖြစ်၊ မကျင့်ဖြစ်သည်နဲ့ တစ်ပြိုင်နက်တည်း သူ့မှာ သာသနာကွယ်နေတာပဲ . . . (မှန်ပါ့) ဆိုထိုက်ပလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အဲဒါကို အသာထားလိုက်၊ သူများ မချိန်နဲ့၊ ကိုယ့်ကိုယ်, ကိုယ်ချိန်လိုက်ပါလို့ သတိပေးလိုက်တယ် (မှန်ပါ့ဘုရား)။

## ငါ့မှာသာသနာမရှိတဲ့အချိန်

ငါသည် ဒီဝေဒနာသုံးပါးကို မဂ္ဂပြဟ္မစရိယအကျင့်နဲ့ မကျင့်သေးဘူး၊ အဲဒီအချိန် ငါ့မှာ သာသနာမရှိတဲ့အချိန်လို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့) ကိုယ့်အတွက် . . . (မှန်ပါ ကိုယ့်အတွက်ပါဘုရား) သဘောပါပလား . . . (ပါ-ပါပြီဘုရား)။

ကိုယ့်အတွက်ပါပြီ . . . တဲ့၊ ဩော် . . . ငါသည် ဒီအချိန်မှာ ကိုယ့်ခန္ဓာ၏ အဖြစ်အပျက် ဒုက္ခသစ္စာမမြင်သေး၊ ထိုအခါ၌ ငါသည် သာသနာပြင်ဘက်နေတဲ့ လူတစ်ဦး တစ်ယောက်ပဲ . . . (မှန်ပါ့) လူမိုက်တန်း လှည့်သွားတယ် . . . (မှန်ပါ့) အချိန်နဲ့ ပိုင်းတာ . . . (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဘယ်လိုမှတ်ကြမယ် . . .၊ အချိန်နဲ့ ပိုင်းမှတ်ရမယ် . . . (မှန်ပါ့) မဂ္ဂပြဟ္မစရိယအကျင့်ကို မကျင့်သေးရင် . . . (သာသနာ မရှိပါဘုရား) သာသနာမရှိဘူး၊ သူ့မှာ ရှိပါတယ်၊ သာသနာပ အလုပ်ရှိတယ် . . . (မှန်ပါ့) သာသနာတွင်း အလုပ်ကတော့ မဂ္ဂပြဟ္မစရိယအကျင့် . . . (မှန်ပါ့)၊ ဒါ . . . လေးလေးစားစား မှတ်ရမယ် . . . (မှန်ပါ့ဘုရား)။

## ဝေလာမပုဏ္ဏား

ခင်ဗျားတို့ လှူဒါန်းပေးကမ်းနေတဲ့ဥစ္စာ သာသနာ

တွင်းလို့ ဒါ . . . ဘုန်းကြီးတို့ အခု ဒေသနာတော်နဲ့ . . . ကြည့်လိုက်တဲ့အခါ မဆိုလိုဘူး . . . (မျန်ပါ့) သာသနာပမှာ ထမင်းရေ ချောင်းစီး လှူတာတွေ ရှိနေတာပဲ . . . (မှန်ပါ့) ရှိတယ်တဲ့ ဝေလာမပုဏ္ဏားတို့ ကြည့်ပါလား . . . ဟင် . . . (မှန်ပါ့ဘုရား)။

## သာသနာတွင်းအလုပ်က ဘာလဲ

နို့ . . . ဒါတွေဟာ သာသနာတွင်း အလုပ်လားလို့ တကယ်တမ်းမေး စိစစ်ပြီး ထုတ်လိုက်တဲ့အခါကျတော့ မဟုတ်ဘူး. . . တဲ့၊ မဂ္ဂဗြဟ္မစရိယအကျင့်မှ သာသနာတွင်းအလုပ် . . . (မှန်ပါ့)။ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဘာအကျင့်မှတုံး (မဂ္ဂဗြဟ္မစရိယအလုပ်မှ သာသနာတွင်း အလုပ်ပါဘုရား)၊ ဒါဖြင့် တို့မှီလိုက်ရုံရှိသေးတာပဲ . . . (မှန်ပါ့) ဆိုထိုက်ကြပလား . . . (ဆိုထိုက်ပါတယ်ဘုရား)၊ မှီလိုက်ရုံရှိတယ် (မှန်ပါ့)။

နို့မဟုတ်လို့ရှိရင်ဖြင့် သာမည သိတဲ့ဆရာနဲ့, သာမည ဟောတဲ့ဆရာနဲ့ဆိုရင် မဂ္ဂဗြဟ္မစရိယ အကျင့်မပါတာများတယ် ဦးမာဒင်ရ . . . (မှန်ပါ့)။

ကွာ. . . မင်းတို့ လူရယ်လို့ ဖြစ်လာရင် လူတန်းစေ့ လည်း နေရပြီ၊ တိုက်နဲ့, တာနဲ့, ရွှေနဲ့, စိန်နဲ့, ကားနဲ့ ထိုက်တန်

သလောက်လည်း စားဦးစားဖျားတွေ လှူကြတယ်၊ ဒါ တော်တာပဲကွ၊ ဒီလိုမှ မရှိတဲ့ပုဂ္ဂိုလ်တွေက များတယ် အစရှိသည်နဲ့ သာသနာပတရားသာ ဟောနေတာပဲ. . . (မှန်ပါ့) သာသနာတွင်း တရားမပါလာဘူး . . . (မှန်ပါ့)။

## လူမိုက်က မဂ္ဂဗြဟ္မစရိယမကျင့်ဘူး

ဒါဖြင့် ကျုပ်တို့ အင်မတန် စိစစ်ပြီးသကာလမှ ဘုရားသခင်ကိုယ်တော်မြတ်ကြီး လူမိုက်နဲ့ လူလိမ္မာ ထူးပုံ ဟောတော့မှ လူမိုက်က မဂ္ဂဗြဟ္မစရိယအကျင့်ကို မကျင့်ဘူးကွ ဆိုတာတစ်လုံးကို ဘုရားက သေသေချာချာ ဟောတာပဲ . . . (မှန်ပါ့)။

**အာနန္ဒာ** လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံးကွ၊ လူမိုက်က မဂ္ဂဗြဟ္မစရိယအကျင့်ကို မကျင့်လို့ **တဏှာဥပါဒါန်ကံ** လာတယ်ကွ . . . (မှန်ပါ့) **တဏှာ, ဥပါဒါန်, ကံ**ဆိုတာကတော့ နောက် ဘဝ လိုချင်လို့ လုပ်တဲ့**တဏှာ**, နောင်ဘဝစွဲလမ်းတဲ့ ဥပါဒါန် နောင်ဘဝ ရောက်ကြောင်းကံတွေ လုပ်နေရင်တော့ ဒါပဲရတာပဲ . . . (မှန်ပါ့)။

**ဇာတိ ဖရာ မရဏာ**ဘဲ ပြန်ရတယ် (မှန်ပါ့ဘုရား)။ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ အဲဒီတော့ မဂ္ဂဗြဟ္မစရိယအကျင့်မှ သာသနာတွင်း အကျင့်ဆိုတာ ပေါ်သွားပြီ . . . (မှန်ပါ့) မပေါ်သေးဘူးလား (ပေါ်ပါပြီ) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

## ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်မို့မှီတာ

ကောင်းပြီ၊ ဒါဖြင့် ဩော် . . . မဂ္ဂပြဟ္မစရိယအကျင့်ကို မှီတဲ့ပုဂ္ဂိုလ်ဟာဖြင့် ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်မို့ မှီတာပဲ. . . (မှန်ပါ့)၊ မကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ဖြင့် ဒီတန်းကသွားတယ်. . . (မှန်ပါ့)၊ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်က ဒီဘက်တန်းက လာတယ် . . . (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုယ့်အတွက် ပါရမီရှိလေသလား-မရှိလေဘူးလား ကိုယ့်အတွက် ဘယ်လိုစဉ်းစားရမှာတုံး မစဉ်းစားရဘူးလားလို့ ဒီသုတ်က ထောက်ခံချက်ပေးနေတယ်. . . (မှန်ပါ့)၊ ဗာလပဏ္ဍိတသုတ်တဲ့ ဒီဥစ္စာ . . . (မှန်ပါ့)။

## လူမိုက်ကတော့အဝိုင်းပြေး

လူမိုက်နဲ့လူလိမ္မာ ဒီလို ထူးခြားသကွလို့ ဟောထားတာလာပုံ အတူတူပါပဲကွ၊ ဒီဘက် ဆက်သွားတဲ့အခါကျတော့ ဟိုကတော့ ဆက်မသွားဘူး . . . (မှန်ပါ့)၊ လူမိုက်ကတော့ ဆက်သွားတယ် . . . (မှန်ပါ့)၊ လူမိုက်ကတော့ အဝိုင်းပြေးပေါ့ဗျာ . . . (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ. . . (အဝိုင်းပြေးပါဘုရား)၊ အဝိုင်းပြေးလို့ မှတ်စမ်းပါ၊ ဟိုနောက်က ဒကာဒကာမတွေနော် . . . (မှန်ပါ့)၊ အဝိုင်းပြေးလောက် ကြောက်စရာကောင်းတာတော့ဖြင့်

မောင်ချစ်စိန် ရှိကိုမရှိဘူး . . . (မှန်ပါ့) ရှိသေးရဲ့လား . . . (မရှိပါဘုရား)၊ စုတိနဲ့ ပဋိသန္ဓေပေါ် လှည့်ပြေးနေတာ . . . (မှန်ပါ့)။

ဘယ်လှည့်ပြေးနေတာတုံး . . . (စုတိပဋိသန္ဓေပေါ် ပြေးနေပါတယ်ဘုရား)၊ စုတိပဋိသန္ဓေပေါ် လှည့်ပြေးနေတာ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

**"စုတိပဝတ္တိ ပဋိသန္ဓေ ပဝတ္တိစုတိ"** ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊ သူ-ပဋိသန္ဓေ နေလိုက်တာကြည့် တော်တော်ကြာကျတော့ ပဝတ္တိနောက်ကနေ သားရေး၊ သမီးရေးနဲ့ လုပ်လိုက်တယ် (မှန်ပါ့) တော်တော်ကြာကျတော သူ-စုတိ ပြန်ရောက်တယ် (မှန်ပါ့) တော်တော်ကြာ ပဋိသန္ဓေပြန်ရောက်တယ် . . . (မှန်ပါ့) တော်တော်ကြာ ပဝတ္တိပြန်ရောက်တယ် . . . (မှန်ပါ့) တော်တော်ကြာ စုတိ၊ ဒါပဲ လှည့်နေတယ် (မှန်ပါ့) ပဋိသန္ဓေ ပဝတ္တိစုတိ ဒါပဲလှည့်တယ် . . . (မှန်ပါ့)။

## စုတိကနေ ဘယ်သွားမလဲ

စုတိကနေ ဘယ်သွားမလဲ . . . (ပဋိသန္ဓေသွားပါမယ်ဘုရား) ပဋိသန္ဓေက ဘယ်သွားမလဲ . . . (ပဝတ္တိ သွားပါမယ်ဘုရား) ပဝတ္တိက ဘယ်သွားမလဲ . . . (စုတိသွားပါမယ်ဘုရား)။

ဒါဖြင့် ဒီသုံးခုလုံးကလဲ ပဋိသန္ဓေကလဲ ဒုက္ခသစ္စာ ပဝတ္တိလုပ်ကိုင် စားသောက်နေတာတွေလဲ . . . (ဒုက္ခသစ္စာပါဘုရား)၊ သေသွားတာကလဲ . . . (ဒုက္ခသစ္စာပါဘုရား)၊ နောက်ခန္ဓာနေပြန်တာ . . . (ဒုက္ခသစ္စာပါဘုရား)၊ ပဋိသန္ဓေနေတာ ဒုက္ခသစ္စာ၊ ပဋိသန္ဓေနေပြီးသည်၏ အခြားမဲ့၌ သားရေး၊ သမီးရေး၊ စီးပွားရေး ကြိုးစားပြန်တော့ကော . . . (ဒုက္ခသစ္စာပါဘုရား) သူ့မှာ ဒါပဲ လှည့်နေတယ်၊ ပဋိစ္စသမုပ္ပါဒ်အကျဉ်း လှည့်လိုက်တော့ ဒါပဲရတယ် . . . (မှန်ပါ့)။

## မီးပုံသုံးပုံပေါ်မှာ လှည့်ပြေးနေတယ်

ပဋိသန္ဓေ ပဝတ္တိ စုတိ ဒါပဲရှိတယ် . . . (မှန်ပါ့) ဩော် . . . လူမိုက်မှာ အဝိုင်းပြေးပါလားဆိုတာ ပေါ်ကြပါပြီ . . . (ပေါ်ပါပြီဘုရား) မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

သူက ဘယ်ပေါ်မှာ လှည့်နေသတုံးဆိုတော့ မီးပုံသုံးပုံပေါ်မှာ လှည့်ပြေးနေတယ် (မှန်ပါ့) ဘယ်မှာ ခြေချချ မီးပုံ (မှန်ပါ) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ ပဋိသန္ဓေနေရတာလဲ မီးပုံပေါ် နေရတာပဲ၊ ဒုက္ခဆင်းရဲပဲ (မှန်ပါ့) ပဝတ္တိကျတော့ကော . . . (မီးပုံပေါ်ပါဘုရား) သေတော့ကော . . . (မီးပုံပေါ်ပါဘုရား) ဒါဖြင့် ဇာတိမီး၊ ပဝတ္တိမီး၊ မရဏမီး၊ မီးသုံးပါးပေါ်မှာ လှည့်ပြေးနေတယ် . . . (မှန်ပါ့)။

ဦးမာဒင်က ဘေးကနေ ရပ်ကြည့်နေတယ်၊ မီးသုံးပါး ပေါ်မှာ လှည့်ပြေးနေတဲ့ ပုဂ္ဂိုလ်ကို တယ်ကြီးတဲ့ ဝဋ်ပါကလား ဟေ့ . . .၊ ဆိုနိုင်-မဆိုနိုင် . . . (ဆိုနိုင်ပါတယ်ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ . . . (ကြီးတဲ့ဝဋ်ပါဘုရား) ဒီထက်ကြီးတဲ့ ဝဋ်ရှိသေးလား . . . (မရှိပါဘုရား) မရှိတော့ဘူး၊ ဒီထက်ကြီးတဲ့ဝဋ် မရှိပါဘူး . . . တဲ့။

ဒါဖြင့် ဒီဥစ္စာ ဝဋ်လို့ ခေါ်ပါတယ်၊ မီးသုံးပါးလုံးနေတာပဲ၊ သူ့အတွက် ဘေးကနေပြီး ရပ်ကြည့်ပါတဲ့ နောက်က ဒကာ ဒကာမတွေကရော ဦးမာဒင်တို့လို ပုဂ္ဂိုလ်တွေကရော ကြည့်လိုက်တဲ့အခါမှာ ဒီအဖြစ်တော့ မဖြစ်ချင်ဘူးဟေ့ . . . လူတိုင်း ညည်းမှာပဲ (မှန်ပါ့) မညည်းပေဘူးလား . . . (ညည်းပါတယ်ဘုရား) မီးပုံပေါ်တွင် လျှောက်ပြေးတာ၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘယ်ပေါ်မှာ လျှောက်ပြေးနေသတုံး (မီးပုံပေါ်မှာ လျှောက်ပြေးပါတယ်ဘုရား) ဘယ်တော့ သူ-ဒီမီးပုံပေါ်က လွတ်မှာတုံး မေးတော့လည်း သူ့အတွက်တော့ မျှော်လင့်ချက် မရှိဘူး . . . (မှန်ပါ့) ဘယ်တော့မှ လွတ်လိမ့်မယ်လို့ မျှော်လင့်ချက် မရှိဘူး (မှန်ပါ့) ရှိကြရဲ့လား . . . (မရှိပါဘုရား)။

အဲ . . . ဘုရားက ဉာဏ်တော်နဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ဒီလို လှည့်ပြေးနေတာ မြင်တယ် . . . (မှန်ပါ့)။

အဲဒီတော့ ကရုဏာတော်ရှင်ဖြစ်နေတော့ ဘယ်လို ပြောပြီး ဘယ်လိုများ ကယ်တင်ရပါ့မလဲဆိုတဲ့ဉာဏ်ဟာ မပေါ် ပေဘူးလား . . . (ပေါ်ပါတယ်ဘုရား) ဒါကိုမြင်လို့ မဂ္ဂဗြဟ္မ စရိယ အကျင့်ကို ဟောတော်မူတာ . . . (မှန်ပါ့) နို့မဟုတ်ရင် မီးပုံသုံးပုံပေါ် လှည့်ပြေးတော့မယ် . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဘုန်းကံထူးတဲ့ပုဂ္ဂိုလ်မို့ကြားရတာ

ဒါက ခင်ဗျားတို့ ကျုပ်တို့ ဘုန်းထူး၊ ကံထူး၊ ပုဂ္ဂိုလ် ထူးတွေမို့ ကြားရတာကိုးဗျ . . . (မှန်ပါ) ဟို-မီးပုံပေါ် ပြေးနေတဲ့ ပုဂ္ဂိုလ်က သူ့မှာ အရှုးစိတ်ပေါက်နေတော့ ဒီလိုပြေးရတာကို ကြက်သရေမင်္ဂလာကြီး မှတ်နေတယ် . . . (မှန်ပါ့) မဟုတ် ဘူးလား . . . (မှန်ပါ့ဘုရား)။

သူ့မှာ ဘာမှတ်နေသလဲ (ကျက်သရေမင်္ဂလာကြီး မှတ်နေပါတယ်ဘုရား) ကျက်သရေမင်္ဂလာမှတ်နေတာပဲ၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါက ဉာဏ်မျက်လုံးကလေး တပ်ကြည့်တဲ့ပုဂ္ဂိုလ် ကျတော့မှ မီးပုံပေါ် ပြေးနေတဲ့ ပုဂ္ဂိုလ်အတွက် ဘယ်လိုများ လွတ်ရေးကျွတ်ရေး ရှိပါ့မတုံးလို့ တွေးလိုက်တဲ့အခါကျတော့

သူ့အတွက်ကဖြင့် သာသနာကွယ်နေတယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## နောက်ဆုံးပိတ်ဘဝထားပြီးအလုပ်လုပ်ပါ

ကောင်းပြီ - ဒါဖြင့် ကျုပ်တို့ သာသနာနဲ့တွေ့လို့ သာသနာ့အလုပ် မလုပ်ခဲ့သည်ရှိသော် မီးပုံသုံးပုံပေါ် လှည့်ပြေးရုံမှတစ်ပါး၊ တခြားအလုပ်မရှိ . . . (မရှိပါဘုရား)။

သာသနာနဲ့ တွေ့လျက်သားနဲ့ မဂ္ဂဗြဟ္မစရိယ အလုပ်ကို မလုပ်တဲ့ ပုဂ္ဂိုလ်မှာဖြင့် မီးသုံးပုံပေါ်မှာ ဘုရားအဆူဆူပွင့်လည်း မီးပုံပေါ်က သူမဆင်းရပါဘူး . . . (မှန်ပါ့) ဆင်းရပါ့မလား . . . (မဆင်းရပါဘုရား).

မဆင်းရဘူး . . . တဲ့၊ အဲဒီတော့ကို ခင်ဗျားတို့ဟာ နောက်ဆုံးပိတ်ဘဝထားပြီးလုပ်မှ (မှန်ပါ့) ဘာတဲ့တုံး . . . (နောက်ဆုံးပိတ်ဘဝထားပြီး အလုပ်, လုပ်မှပါဘုရား)။

## ကိုယ့်ဟာကိုယ်ရှန်းမှ ကိုယ်လွတ်မှာ

နောက်ဆုံးပိတ်ဘဝထားလုပ်ပါ၊ ရွာထဲ, မြို့ထဲက မီးပုံပေါ်သွားနေတဲ့လူတွေက ဘာပြောပြော မသိပြောသာ ကိုယ်က စိတ်ထဲမှာ ထားပြီးသကာလ ကိုယ်သာ မီးပုံပေါ်က လွတ်ဖို့ကို ကိုယ်ဟာကိုယ်သာ ရှန်း . . . (မှန်ပါ့) သူများ ဘာပြောပြော

ကိုယ့်ဟာကိုယ် ရှန်းမှ ကိုယ်လွတ်မှာဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

အဲဒီတော့ လောကုတ္တရာ အလုပ်ဆိုတာ ထုံးစံနဲ့ ဖွဲ့တိုက်ရတယ်၊ အားလုံး ဒကာဒကာမတွေ ဆုံးမတယ် . . . (မှန်ပါ့)၊ လောကုတ္တရာ အလုပ်ဆိုတာ . . . (ထုံးစံနဲ့ ဖွဲ့တိုက်ရပါတယ်ဘုရား)။

## မဂ္ဂင်အလုပ်က ထုံးစံနဲ့ ဖွဲ့တိုက်ရတယ်

ထုံးစံနဲ့ ဖွဲ့တိုက်ရတယ်၊ ဒီတစ်လုံးဟာ အင်မတန် အရေးကြီးတဲ့ စကားမှတ်ပါ. . . (မှန်ပါ့)၊ အရေးကြီးပါတယ် . . . တဲ့ ဘာနဲ့ ဖွဲ့တိုက်ရမလဲ . . . (ထုံးစံနဲ့ ဖွဲ့တိုက်ရပါမယ် ဘုရား)။

အို. . . ဟုတ်တယ်၊ ဟိုဟာတွေက တဏှာ ခိုင်းသလို ထုံးစံအတိုင်း သွားနေတာ. . . (မှန်ပါ) ကျုပ်တို့က အို. . . မင်း ခိုင်းတာ မလုပ်နိုင်ဘူးဆိုတဲ့ အလုပ်က ကျုပ်တို့လုပ်ရမှာ . . . (မှန်ပါ)၊ အဲဒီတော့ တဏှာ ကျွန်တွေနဲ့ ကျုပ်တို့နဲ့ ကန့်လန့်ဖြစ်ရမယ်။ သဘောပါပလား. . . (ပါပါပြီဘုရား)။

တဏှာ ကျွန်တွေနဲ့. . . (ကန့်လန့်ဖြစ်ရပါမယ်ဘုရား)၊ ကန့်လန့်လုပ်ရမယ်. . . (မှန်ပါ့)။

အဲ့ဒီတော့ အားလုံးကလည်း တဏှာ့ကျွန်ချည့်ပဲ. . . (မှန်ပါ့)၊ ကျုပ်တို့က တဏှာ့ကျွန်တော့ မခံနိုင်ဘူးကွ၊ မင်းကျွန်က မီးပုံပေါ် အပြေးခိုင်တာ၊ မီးသုံးပုံပေါ်မှာ လှည့်အပြေးခိုင်းတာ ဒါကြောင့် မင်းကျွန်တော့ မလုပ်နိုင်ဘူးကွ၊ မင်းကျွန်လုပ်တဲ့ လူတွေနဲ့လည်း တို့နဲ့ မတည့်ဘူးကွဆိုတဲ့ စိတ်ကို မွေးရမယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား) ဒါဖြင့် အားလုံးနဲ့ ဖွဲ့တိုက်ရမယ် . . . (မှန်ပါ့)။

## ထုံးစံနဲ့ဖွဲ့တိုက်လို့ဘုရားဖြစ်တာ

ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ဒီ-ဖွဲ့တိုက်လို့ ဘုရားဖြစ်တာ. . . (မှန်ပါ့)၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်လာတာ မင်းတို့ ဘယ့်နှယ်ထင်ကြသတုံး. . . (ဖွဲ့တိုက်လို့ပါဘုရား)။

ဖအေကလည်း စကြဝတေးမင်းဖြစ်စေချင်တယ်၊ ယသော်ဓရာတို့ကလည်း တောမထွက်စေချင်ဘူး. . . (မှန်ပါ့) ဘာလုပ်ရသတုံး. . . (ဖွဲ့တိုက်လာရပါတယ်ဘုရား)၊ သဘောကျ ပလား. . . (ကျပါပြီဘုရား)။

ကောင်းပြီ. . . လမ်းကျတော့ မာရ်နတ်ကစကြာရတနာ ကြီးပေးမယ်၊ ခုနစ်ရက်လည်ရင် ရောက်ပါလိမ့်မယ်ဆိုတော့ကော

(ဖွဲ့တိုက်ရပါတယ်ဘုရား) ဖွဲ့တိုက်လို့ သူ ဒုက္ခလွတ်တာ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဖွဲ့တိုက်ရင်ဗြဟ္မစရိယအကျင့်

ဒါဖြင့် ခင်ဗျားတို့လည်း ဝမ်းထဲက တဏှာကဖြင့် သားနဲ့ ချည်ထားလိုက်, သမီးနဲ့ ချည်ထားလိုက်, ပစ္စည်းနဲ့ချည်ထားလိုက် တဏှာက. . . (မှန်ပါ့)၊ အဲဒါ ဖွဲ့တိုက်ရမယ်. . . (မှန်ပါ့)၊ ဖွဲ့တိုက်ရင် ဗြဟ္မစရိယအကျင့်ဖြစ်ပြီ. . . (မှန်ပါ့)။

ဖွဲ့တိုက်ရင် (ဗြဟ္မစရိယအကျင့်ဖြစ်ပါတယ်ဘုရား)၊ ဖွဲ့မတိုက်နိုင်သေးရင် ငဲ့လုံးပါလို့ရှိရင် ဒီအတိုင်းသွားမယ်. . . (မှန်ပါ့)၊ လူမိုက်တန်းသွားတာပဲ. . . (မှန်ပါ့) ဖွဲ့တိုက်နိုင်တဲ့ ပုဂ္ဂိုလ်ဖြင့်ဒါ. . . လူစွမ်းကောင်းပဲလို့ဆိုရမယ်. . . (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဝန်လေးသလားခင်ဗျားတို့ ဖွဲ့တိုက်ရမှာ။

ဖွဲ့ဆိုတာက တဏှာသမားကတော့ဖြင့် သုံးဆယ့်တစ်ဘုံက တဏှာကျွန်ကိုးဗျ . . . (မှန်ပါ့)၊ တဏှာ့ ကျွန်တွေနဲ့တော့ သူတို့ပြောတာလည်း မယုံနဲ့၊ သူတို့ပြောတာကိုလည်း အားမကျနဲ့၊ မဟုတ်ဘူးလား. . . (မှန်ပါ့)၊ အဲဒါတွေ ယုံပြီး အားကျနေလို့ရှိရင်ဖြင့် ခုနင်က ဒုက္ခသက်ရှည်သွားမှာ. . . (မှန်ပါ့)၊ မရှည်ပေဘူးလား. . . (ရှည်ပါတယ်ဘုရား)။

အဲဒါ အားလုံးနဲ့ ဖွဲ့တိုက်ရမယ်ဆိုတဲ့ဥစ္စာ မဂ္ဂဗြဟ္မစရိယ အကျင့်ဟာ အားလုံးနဲ့ဖွဲ့တိုက်တဲ့အလုပ်. . . (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

သူက ထမင်းရှာတာလည်း မဟုတ်ဘူး. . .၊ ငွေရှာ တာလဲ မဟုတ်ဘူး၊ ဒုက္ခသိမ်းတာ. . . (မှန်ပါ့)၊ သဘောကျ ပလား. . . (ကျပါပြီဘုရား)။

## သူကဒုက္ခသိမ်းတဲ့အလုပ်လုပ်တာ

ထမင်းရှာတာမဟုတ်ဘူး၊ ငွေရှာတာမဟုတ်ဘူး၊ သားသမီးရှာတာ မဟုတ်ဘူး၊ သူက ဒုက္ခသိမ်းတဲ့ အလုပ်-လုပ် တာ. . . (မှန်ပါ့) ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ထမင်းရှာရင်လည်း ထမင်းထုပ်နဲ့ တွေ့မယ်၊ ထမင်း ရှာရင် ထမင်းစားရမယ်၊ ထမင်းစားတဲ့အတွက် ကုဋ္ဌိဆောက် ရမယ်. . . (မှန်ပါ့)၊ မဆောက်ရဘူးလား. . . (ဆောက်ရမှာပါ ဘုရား)၊ ဒါ ထမင်း ရှာတဲ့အလုပ်. . . (မှန်ပါ့)၊ သဘောပါပလား . . . (ပါ,ပါပြီဘုရား)။

ခင်ဗျားတို့ပဲ ထမင်းရှာလို့ ထမင်းရှာရတဲ့ ဒုက္ခတွေဟာ ဟိုလူက မျက်စောင်းထိုး၊ ဒီလူက မျက်စောင်းထိုး. . .၊ သူက ထမင်းများများ ရသွားတယ်. . . (မှန်ပါ့)၊ ထမင်းရှာတဲ့ ဒုက္ခသေး

တာမဟုတ်ဘူးကွ. . . (မသေးပါဘုရား)၊ မျက်စောင်းထိုးထဲမှာ ရှာရတာ၊ ရိုပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အိမ်ရှာကော. . . (မသေးပါဘုရား)၊ ဒီအတိုင်း မျက်စောင်းထိုးထဲကပဲ. . . (မှန်ပါ့ဘုရား)၊ သဘောပါပလား . . . (ပါ,ပါပြီဘုရား)။

ဒါဖြင့် ဘာရှာရှာတကျော့ခိုင်းလို့ရတာဟူသ၍ မျက်စောင်းထိုးလည်း မလွတ်ဘူး၊ အပါယ်ကျလည်း မလွတ်ဘူး . . . (မှန်လှပါဘုရား)။

ဘယ့်နှယ်ဆိုမလဲ. . . (မျက်စောင်းထိုးလည်း မလွတ်ဘူး အပါယ်ကျလည်း မလွတ်ပါဘုရား)၊ ဘယ်ဟာကောင်းသတုံး . . . (မကောင်းပါဘုရား)၊ ဘယ်ဟာမှ မကောင်းဘူးဆိုတာ ပေါ်လာတော့ အဂ္ဂြဖဟ္မစရိယအကျင့်ကတော့ဖြင့် သူတော်ကောင်း ဟူသ၍ကလည်း မျက်စောင်းမထိုးဘူး သာဓု ခေါ်တယ်၊ သူယုတ်မာဟူသ၍ကလည်း အနားမကပ်ဘူး. . . (မှန်ပါ)၊ အနားကပ်သေးရဲ့လား. . . (မကပ်ပါဘုရား)၊ အနား မကပ်လို့လည်း သူတို့က မျက်စောင်းမထိုးတော့ဘူး၊ သဘောကျ ပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ ကိုးစားရာ အားထားရာ အစစ်ဖြင့် မဂ္ဂ ဗြဟ္မစရိယအကျင့်ပဲဆိုတာ ပေါ်လာတယ်. . . (ပေါ်လာပါ တယ်ဘုရား)။

မဂ္ဂပြစ်ဟွစ်ရိုယအကျင့်ဟာ အင်မတန် ကောင်းပါတယ်၊ ဟောဒါက တဏှာ၊ ဥပါဒါန်၊ ကံက ကာမသုခလ္လိကာနုယောဂ အကျင့် ကာမဂုဏ်ခံစားတဲ့အကျင့် (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ခမ္မစကြာမှာလာတယ်

ဒါ ဘာခေါ်ကြမယ်. . . (ကာမဂုဏ်ခံစားတဲ့အကျင့်ပါဘုရား) ဒါဖြင့် ကာမသုခလ္လိကာနုယောဂအကျင့်၊ ခမ္မစကြာမှ လာတယ် . . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘုံဘဝတွေ ဆုတောင်းတဲ့လူဟာကာမသုခလ္လိကာနုယောဂအကျင့်. . . (မှန်ပါ့ဘုရား)၊ ကာမသုခလ္လိကာနုယောဂ ဆိုတာ ကာမဂုဏ်နဲ့ပတ်သက်ပြီးတော့ ကျင့်တဲ့အကျင့်. . . (မှန်ပါ့)။

အတ္တကိလမထာနုယောဂကတော့ ဒကာ ဒကာမတို့ မှတ်ထားပါတဲ့၊ ဘုရားဟောတဲ့ အကျင့်မှတစ်ပါး တစ်ပါးသော အကျင့်ကို အပင်ပန်းခံ ကျင့်တာ ဟူသ၍ အတ္တကိလမထာနုယောဂ . . . (မှန်ပါ)။

## ကိုယ့်ကိုယ်ညှင်းဆဲတဲ့အကျင့်

ခုနင်က ပြင်းပြင်းရှူ, တုံးခုံ, ဇယ်ခတ်, မီးလှုံဆိုတာတွေ အသေခံပြီး ခြိုးခြံကျင့်တာတွေ (မှန်ပါ့)၊ အဲဒါတွေကတော့ ကိုယ့်ကိုယ်ညှင်းဆဲတဲ့အကျင့်ဖြစ်သောကြောင့် အတ္တကိလမထာနုယောဂ၊ အဲဒါလည်း မဂ္ဂဖြဟ္မစရိယအကျင့် မဟုတ်ဘူးကွတဲ့ . . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ငါးပါးအာရုံ ကာမဂုဏ်တွေ ဆုတောင်းပြီးတော့ကို ဘဝကောင်းစားရေးလုပ်တာလည်း ကာမသုခလ္လိကာနုယောဂအကျင့် (မှန်ပါ့)၊ ဒါလဲ နိဗ္ဗာန်မရောက်နိုင်ဘူး. . . (မရောက်ပါဘုရား)၊ ကိုယ့်ကိုယ်ညှင်းဆဲကျင့်တဲ့ အကျင့်ဟာလည်း. . . (နိဗ္ဗာန်မရောက်နိုင်ပါဘုရား)။

## နတ်တစ်ဦးရဲ့အမေးကို ဖြေတော်မူတယ်

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်၊ နတ်တစ်ဦးကမေးလျှောက်လို့၊ အရှင်ဘုရား ဘယ်လိုနဲ့ နိဗ္ဗာန်ရောက်လာသတုံးတဲ့ နတ်တစ်ဦးက မေးတယ် . . . (မှန်ပါ့ဘုရား)။

ငါဟာ ကူးပြန်တော့လည်း မျောသွားတယ်၊ မကူးပြန်တော့လည်း မြုပ်တယ် ရေထဲမှာ. . . (မှန်ပါ့)၊ ရေထဲမှာ ငါနေတာတဲ့၊ သံသရာရေထဲမှာပေါ့လေ (မှန်ပါ့)၊ ကူးပြန်

တော့လည်း ငါ့မှာမျောတယ်. . . (မှန်ပါ့)၊ မကူးဘဲနေပြန်တော့ လည်း ရပ်နေပြန်တော့လည်း မြုပ်တယ်ကွတဲ့ . . . (မှန်ပါ့)၊ ဒါကြောင့် မြုပ်ခြင်း၊ မျောခြင်းနှစ်ခုကို ကျဉ်ပယ်ပြီးသကာလ ငါနိဗ္ဗာန်ရောက်လာတယ်တဲ့. . . (မှန်ပါ)၊ ဒါက သံယုတ် ပါဠိတော်မှာနော်. . . (မှန်ပါဘုရား)။

## မြုပ်ခြင်းမျောခြင်းကိုရှောင်တယ်

မြုပ်ခြင်း၊ မျောခြင်းကို ငါရှောင်တာနဲ့ ရောက်လာတယ် ဆိုတော့ ငါအလယ်လမ်းလိုက်ခဲ့တယ် ပြောတာ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘုံဘဝတွေ ဆုတောင်းနေပြန်တော့လည်း မျောသွား တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ မိစ္ဆာဒိဋ္ဌိ အကျင့်တွေကို ကျင့်နေပြန်တော့လည်း မြုပ်တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ အဲဒါကြောင့် မဇ္ဈိမပဋိပဒါ အလယ်လမ်းကို ငါကြိုးစားတဲ့အတွက် ငါသည်ဘုရားဖြစ်လာ တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## မဂ္ဂဗြဟ္မစရိယအကျင့်

ဒါဖြင့်. . . မဂ္ဂဗြဟ္မစရိယအကျင့်ဟာ ဘယ်လမ်းတုံး မေးရင် ဖြေတတ်ကြပလား. . . (အလယ်လမ်းပါဘုရား) အလယ်လမ်း။

ဘုံဘဝကူးတဲ့ လမ်းလည်းမဟုတ်ဘူး. . . (မှန်ပါ့)၊ ဘုံဘဝကူးတဲ့ လမ်းဟာ မျောလမ်း, . . (မှန်ပါ့)၊ ကိုယ့်ကိုယ် ညှင်းဆဲတဲ့ဥစ္စာကတော့ အတ္တကိလမထာနုယောဂကတော့ မြုပ်လမ်း ဟုတ်လား. . . (မှန်ပါ့) အဲဒီတော့ မျောလမ်း-မြုပ်လမ်း ရှောင်ပြီးသကာလ ငါသည် မကူးဘဲလည်း မနေဘူး၊ ဒီအတိုင်း လည်း ရပ်မနေဘူး၊ အလယ်လမ်းအလုပ်လုပ်တာနဲ့ ငါဟာ နိဗ္ဗာန် ရောက်ခဲ့တယ်တဲ့. . . (မှန်ပါ့)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ ဘုရား)။

အဲ. . . ဒါကြောင့် ခင်ဗျားတို့ မဂ္ဂဗြဟ္မစရိယအကျင့်ဟာ ဖြင့် အလယ်လမ်း အလုပ်ပါပဲ. . . (မှန်ပါ့) ရှင်းပြီနော်. . . (ရှင်း ပါပြီဘုရား)။

ကောင်းပြီ. . . ဒါဖြင့် မဂ္ဂဗြဟ္မစရိယအလုပ် ပြကြစို့တဲ့၊ လူလိမ္မာမှာလည်း **သုခ, ဒုက္ခ, ဥပေက္ခာ**ဝေဒနာသုံးပါးလာတယ် . . . (မှန်ပါ့) သူတို့ သုံးခုဟာတဲ့ ဒါသုခထားပါ၊ ဒါဒုက္ခ, ဒါဥပေက္ခာ. . . (မှန်ပါ့)၊ သံသရာကျင်လည်ရတဲ့ ပုဂ္ဂိုလ်မှာ ဒီသုံးခု တော့ရှိတာပဲတဲ့၊ ဒီသုံးမျိုးတော့ရှိတာပဲ. . . (မှန်ပါ့)၊ ဒီခန္ဓာထဲမှ သုခမရှိရင် ဒုက္ခရှိမယ်၊ သုခနဲ့ ဒုက္ခမရှိရင် ဥပေက္ခာရှိမယ်. . . (မှန်ပါ)၊ မရှိဘဲနေပါ့မလား. . . (ရှိပါတယ် ဘုရား)။

## ဥပေက္ခာကအရှခက်တယ်

ကောင်းပြီ. . .၊ သုခမရှိရင် ဒုက္ခရှိမယ်၊ သုခနဲ့ဒုက္ခကြား မှာ ဘာရှိမလဲ. . . (ဥပေက္ခာရှိပါတယ်)၊ ကောင်းပြီ ဒါဖြင့် ဒီလို မှတ်လိုက် ဒါသုခ. . . (မှန်ပါ့)၊ ဒါဒုက္ခ. . . (မှန်ပါ့)၊ ခင်ဗျားတို့ မသိလိုက်ဘူးတဲ့ ဥပေက္ခာကြားခိုတာကို. . . (မှန်ပါ့)၊ ကြားခိုတာ မသိလိုက်ဘူး. . . (မသိလိုက်ပါဘုရား)၊ ရှင်းပြီနော် (ရှင်းပါပြီ ဘုရား)။

ဥပေက္ခာက ကြားသက်သက်ကြီး. . . (မှန်ပါ့)၊ အင်မ တန်မှ ဥပေက္ခာက အရှုခက်ပါတယ်တဲ့၊ အဲဒီတော့ အရှုသာခက် တယ် သုခဝေဒနာပစ္စယာကို မရှုမိလို့ရှိရင် **တဏှာ, ဥပါဒါန်, ကံ**သွားတော့မှာပေါ့. . . (မှန်ပါ့)၊ ဥပေက္ခာဝေဒနာ မရှုမိလို့ရှိရင် အဝိဇ္ဇာပစ္စယာ သင်္ခါရာလမ်းသွားတယ်ကွတဲ့. . . (မှန်ပါ့)၊ ဒုက္ခ ဝေဒနာမရှုမိလို့ရှိရင် **ဒေါသ, သောက, အဝိဇ္ဇာသင်္ခါရ**ဘက်လှည့် တာပဲတဲ့. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## အလယ်ကစတယ်

သုခမရှုမိလို့ရှိရင်. . . (တဏှာ ဥပါဒါန် ကံလှည့်ပါ တယ်)၊ အဲ-ပဋိစ္စသမုပ္ပါဒ် အလယ်ကနေပြီး ဖောက်စ, တယ်. . (မှန်ပါ့)၊ ဥပေက္ခာဝေဒနာမရှုမိလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်အစက ပြန်ပေါ်တယ်. . . (မှန်ပါ့)၊ ဥပေက္ခာဝေဒနာဖြစ်တာပျက်တာကို

မသိလိုက်လို့ရှိရင်လည်း မသိတာက အဝိဇ္ဇာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့ ပဋိစ္စသမုပ္ပါဒ်အစကနေပြီး စ, တယ်. . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## အဆုံးကပြန်ပတ်တယ်

ဒုက္ခဝေဒနာမရှုမိလို့ရှိရင် **ဒေါသ, သောက, ပရိဒေဝ, အဝိဇ္ဇာသင်္ခါရ**ဆိုပြီး သကာလ အဆုံးကနေပြီး အဝိဇ္ဇာဆီပြန်ပတ်တယ်. . . (မှန်ပါ့)၊ မပတ်ဘူးလား. . . (ပတ်ပါတယ်ဘုရား)။ ဒါကလေးရှင်းအောင်လုပ်လိုက်ပါတဲ့၊ မရှုတဲ့အပြစ်၊ မဂ္ဂဗြဟ္မစရိယ အကျင့် မကျင့်လိုက်လို့ရှိရင် ဤသုံးခုသော ပဋိစ္စသမုပ္ပါဒ်ဟာ ငါတို့သန္တာန်မှာ တစ်နေ့မှ မရပ်ပါလားဆိုတာ မှတ်ပါ. . . (မှန်ပါ့ဘုရား)။

ကဲ. . . သုခ မရှုမိလို့ရှိရင် ဦးမာဒင်ရေ ဘာလာမတုံး. . (တဏှာ, ဉပါဒါန်လာပါမယ်) ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် အလယ်က ဖောက်တယ်. . . (မှန်ပါ့)၊ အလယ်ကဖောက်တယ်၊ ကြည့်လေ အဝိဇ္ဇာက မစ, ဘူးလား. . . (မှန်ပါ့)၊ ဟို. . . **ဇာတိ, ဇရာ, မရဏ** ကလဲ ပြန်ပတ်တာမဟုတ်ဘူး. . . (မှန်ပါ)၊ ဒါဖြင့် အလယ်က စ, တယ်၊ အလယ်ပဋိစ္စသမုပ္ပါဒ်။

သုခဝေဒနာ မရှုမိလို့ရှိရင် အလယ်က ပဋိစ္စသမုပ္ပါဒ်က ဖြစ်တယ်၊ အလယ်ကစတဲ့ ပဋိစ္စသမုပ္ပါဒ် ဖြစ်တယ်လို့မှတ်လိုက်ပါ. . . (မှန်ပါ့ဘုရား)။

## အစကစတယ်

ဥပေက္ခာဝေဒနာ ကြားဝင်နေတာ မရှုမိလို့ရှိရင် အစက ဝင်တဲ့ ပဋိစ္စသမုပ္ပါဒ်ပေါ်ပါတယ်၊ အဝိဇ္ဇာသင်္ခါရကနေ သွားရော. . . (မှန်ပါ့ဘုရား)။

ဒုက္ခဝေဒနာမရှုမိလို့ရှိရင် အဆုံးကပြန်ပတ်တဲ့ ပဋိစ္စ သမုပ္ပါဒ်လာမယ်. . . (မှန်ပါသောက, ပရိဒေဝအဝိဇ္ဇာ)၊ သောက, ပရိဒေဝက မသိလို့ ဖြစ်တာကိုး၊ မသိတော့ အဝိဇ္ဇာသင်္ခါရ လှည့်မလာဘူးလား. . . (မှန်ပါ့လှည့်လာပါ တယ်)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ပြန်ပြီးတစ်ခေါက်ပြောပါဦးတဲ့၊ သုခဝေဒနာမရှုမိ လို့ရှိရင် ပဋိစ္စသမုပ္ပါဒ် ဘယ်ကနေ စ, မလဲ. . . (တဏှာ, ဥပါဒါန်, အလယ်ကနေ စ, ပါမယ်ဘုရား)။

ဥပက္ခာကလေး ကြားခိုတာ ခင်ဗျားတို့က မသိလိုက်ပြန် တော့ ဘယ်ကစမလဲ. . . (အစကနေ စ, ပါတယ်)၊ အဝိဇ္ဇာပစ္စ ယာ သင်္ခါရာ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒုက္ခကလေးပေါ်တာ ခင်ဗျားတို့က မရှုမိဘူး၊ ညည်းသာ နေကြမယ်ဆိုလို့ရှိရင် ဘယ်ကစ, မလဲ. . . (အဆုံးကနေ စ, ပါ တယ် သောက-ပရိဒေဝ)၊ အဲ. . . အဆုံးကနေပြီး အစပြန်ပတ် မယ် (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်သုံးမျိုးဖြတ်ချင်လို့ရှိရင် ဘယ် ပဋိစ္စသမုပ္ပါဒ်မဆို "ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ". . . (မှန်ပါ) သဘောပါပလား. . . (ပါပါပြီဘုရား)။

ဘယ်ပဋိစ္စသမုပ္ပါဒ်မဆို. . . (ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ ပါဘုရား)။ နောက်ဆုံးပိတ် အဲဒီချည့်သွားတာပဲ၊ အလယ်က ဖောက်စတာလည်း ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ. . . (မှန်ပါ)၊ အစက စ, တာလဲ (ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ)၊ အဆုံးက ပြန်ပတ်တာကော . . . (ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိပါဘုရား)။

## ဒီသုံးခုအစကို ဖျောက်ရမယ်

ဒါဖြင့် ဒီသုံးခု အစဖျောက်မှ ကိုက်မယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)၊ ဒီသုံးခု ဘာလုပ်ရမလဲ. . . (အစဖျောက်မှ ကိုက်မှာပါ)၊ ခင်ဗျားတို့က အစမဖျောက်တာက ဝဋ်ကျနေတယ် (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘာလုပ်ရမလဲ. . . (အစဖျောက်ရပါမယ်ဘုရား)၊ ဟုတ်ပြီး. . . ဟုတ်ပြီ တော်သေးတယ် အစဖျောက်ရမယ် ဆိုတာ သိသေးတယ်. . . (မှန်ပါ့ဘုရား)။

အစဖျောက်ရမယ် ဆိုတာကို သိသေးတယ်ကွ. . . (မှန်ပါ့) မင်းတို့ ဒီအတိုင်းသာ ဟောမည့်, ပြောမည့်သူ မရှိဘူးဆိုရင် အစဖျောက်ရမှန်းတောင် မသိဘဲရှိနေကြမယ်. . . (မှန်ပါ့)။

အစဖျောက်မှပဲ၊ အမြတ်တော်ကြီးကျတော့ အစ ဖျောက်တာ ကောင်းထင်ပါရဲ့ ဟင်. . .၊ အမြတ်တော်ကြီးကျ တော့ ဒါပဲ စိတ်ကူးနေကြတယ်၊ မကူးဘူးလား. . . (ကူးပါတယ် ဘုရား)။

ကွာ. . . အလုပ်တွေရော ဘာတွေရော အကုန်စာရင်း တွေ ဘာတွေလုပ်မနေပါနဲ့တော့ ဘာမှ အလုပ်မရှိဘူး၊ ဒီဥစ္စာ ဟိုဆွဲ ဒီဆွဲ ဆွဲသွားတာ အစဖျောက်တာကောင်းတယ်၊ ဘာ ကြောင့်တုံး ဆက်နေမှာစိုးလို့ သေတောင်သုံးနှစ်လာမှာကိုးဟင် . . . (မှန်ပါ့)။

သေတောင် သုံးနှစ်နို့ တစ်နဲ့လာနောပဲ၊ ရပ်ကဲ့လား. . . (မရပ်ပါဘုရား) ဒါဖြင့် ဘာလုပ်ကြသလဲ. . . (အစဖျောက်မှ တော်ပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဒါကို အစဖျောက်ရမယ်. . . (မှန်ပါ့) အံမာလေး. . . မနည်းပြောရပါလား၊ မဟုတ်တဲ့ နေရာကျတော့ အစဖျောက်သဘောကျနေကြတယ်. . . (မှန်ပါ) တကယ့် ဒုက္ခ ရောက်မည့် နေရာကျတော့ အစမဖျောက်တတ်ဘူး. . . (မှန်ပါ့ ဘုရား)။

## အစဖျောက်ကြပါစို့

ကဲ. . . ဒါဖြင့် (အစဖျောက်ကြပါစို့ . . . တဲ့၊ အစ

ဖျောက်ကြပါစို့ ဆိုတော့ လွယ်ပါတယ်၊ ဩော်. . . ဒီမှာ အဝိဇ္ဇာ က စ, တယ်၊ သူ့ မရှုလို့ရှိရင် တဏှာ စ, တယ်၊ မဟုတ်ဘူးလား . . . (မှန်ပါ့)။ ဒီတဏှာ အစဖျောက်ရမယ်. . . (မှန်ပါ့) သဘောပါပလား . . . (ပါ-ပါပြီဘုရား)။

သူ့ မရှုလို့ရှိရင် အဝိဇ္ဇာလာမယ်. . . (မှန်ပါ့)၊ သူ့ အစကို. . . (ဖျောက်ရပါမယ်ဘုရား)။ သူ့ မရှုလို့ရှိရင်ဖြင့် ဒုက္ခ ဒေါမနဿလာမယ်၊ ဘာလုပ်ရမလဲ. . . (အစဖျောက်ရပါမယ် ဘုရား)။

## ဝေဒနာသုံးပါးလှည့်ရှုပါ

သူ့ အစဖျောက်ချင်လို့ရှိရင် ခင်ဗျားတို့ ဝေဒနာသုံးပါး လှည့်ရှုလိုက်တော့ တဏှာအစပျောက်မယ် . . . (မှန်ပါ့)၊ မပျောက်ပေဘူးလား (ပျောက်ပါတယ်ဘုရား)၊ ဒီက ဒေါသ အစတွေ . . . (ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် အစပျောက်တော့ သူတို့ ဒီမှာဆက်နိုင်သေး ရဲ့လား. . . (မဆက်နိုင်ပါဘုရား)။ ဘာကြောင့်တုံးဆိုတော့ အစဖျောက်လိုက်လို့. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တဏှာအစ မပေါ်စေနဲ့. . . (မှန်ပါ့) အဝိဇ္ဇာအစ. . . (မပေါ်စေနဲ့ပါဘုရား)။ ဒေါသအစ. . . (မပေါ် စေနဲ့ပါဘုရား)။

ဒါဖြင့် မပေါ်စေနဲ့ဆိုတော့ မလာဘဲနဲ့ မပေါ်တာကောင်းတယ်. . . (မှန်ပါ့ဘုရား)။ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် သူ့ အစဖျောက်ချင်လို့ရှိရင်ဖြင့် သူလာမှ အစကိုတော့ မရဘူး၊ သူလာရင် ဆက်လိမ့်မယ်. . . (မှန်ပါ့)၊ ဒါဖြင့် မစအောင် လုပ်မှပဲ. . . (မှန်ပါ့)၊ မစ, အောင် လုပ်မှာပဲဆိုတော့ သူ့ ကိုဖြစ်စေတဲ့အကြောင်း ဝေဒနာကိုရှုပေး. . . (မှန်ပါ) သဘောပါပလား. . . (မှန်ပါ့ဘုရား)။ တဏှာ အစပျောက်တယ် . . . (မှန်ပါဘုရား)။

ဒီက ဥပေက္ခာဝေဒနာရှုလိုက်လို့ရှိရင် အဝိဇ္ဇာ အစပျောက်တယ်. . . (ပျောက်ပါတယ်ဘုရား)။ ဒုက္ခကို ရှုလိုက်ရင်လဲ. . . (ဒေါသအစ, ပျောက်ပါတယ်ဘုရား)။

## သံသရာမှာ ရန်သူသုံးယောက်

ဒါဖြင့် သံသရာမှာ ရန်သူသုံးယောက် ခင်ဗျားတို့ ဝေဒနာသုံးယောက်က လုပ်တဲ့ရန်သူ. . . (မှန်ပါ)၊ သဘောပါကြပလား . . . (ပါ-ပါပြီဘုရား)။

ဝေဒနာသုံးမျိုးကြောင့် ရန်သူသုံးမျိုးပေါ်တယ်၊ ဒါဖြင့် ဝေဒနာရှုလိုက်လို့ ရှိရင် အစ, ပျောက်-မပျောက်. . . (ပျောက်ပါတယ်ဘုရား)။

## ဝေဒနာနုပဿနာအတော်ကောင်းတယ်

ဒါကြောင့် ဘုရားက ဝေဒနာနုပဿနာဟာ အတော်ကောင်းတယ်ပေါ့တဲ့. . . (မှန်ပါ့ဘုရား)၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဝေဒနာနုပဿနာ (အတော်ကောင်းပါတယ်ဘုရား)။ ဘာဖြစ်လို့တုံး (အစဖျောက်လို့)။ ဘယ်အစတုံး မေးတော့မှ ပဋိစ္စသမုပ္ပါဒ် အစဟူသ၍ (မှန်ပါ့ဘုရား)။ လောဘက စ, မှာလဲ၊ သူဖျောက်တယ်၊ မောဟက စ, မှာလဲ. . . (ဖျောက်ပါတယ်ဘုရား)။

ကဲ. . . တဏှာက စ, မှာလဲ ဖျောက်တယ်၊ ဒေါသက စ, မှာလဲ ဖျောက်တယ်၊ အဝိဇ္ဇာက စ, မှာကော (ဖျောက်ပါတယ်ဘုရား)။

## အစဖျောက်လိုက်လို့ မရှိတော့ဘူး

ဒါဖြင့်. . . ကျုပ်တို့ ရန်သူသုံးယောက်ကို ကျုပ်တို့သေတဲ့ ပုဂ္ဂိုလ်သည် ကျုပ်တို့၏ ဒုက္ခကျွန္တသတွေ မရှိတော့ဘူး ဒီဆက်လာမည့် ဒုက္ခကျွန္တသတွေ ဘယ့်နှယ်တုံး. . . (မရှိပါဘုရား)၊ ဘယ့်နှယ်ကြောင့်တုံး ဆိုလို့ရှိရင် သူတို့ အစ, ဖျောက်လိုက်လို့. . . (မှန်ပါ)၊ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် သူတို့ အစ, ဖျောက်ချင်တော့ အစ, ဆိုတာပေါ့ . . . ဘယ်လိုပဲ စာရင်းစစ်စစ် မပေါ်မှ . . . (မှန်ပါ)၊ လုံးဝမပေါ်မှ

ဆိုတော့ ဝေဒနာရှုလိုက်ရင် သူတို့အစပျောက်တယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဒုက္ခအစုကြီး၏ အစပျောက်လိုက်တယ်

ဒါဖြင့် ဝေဒနာသုံးပါးကို ခင်ဗျားတို့ပေါ် ရာကို လိုက်ပါ . . . (မှန်ပါ) ဒါ. . . ဘာလုပ်တာတုံးလို့ မေးလို့ရှိရင် အစ, ဖျောက် တာ. . . (မှန်ပါ)။ ဘယ်သူ၏ အစဖျောက်တာတုံးလို့ မေးတော့မှ ဒုက္ခက္ခန္ဓသက အစဖျောက်တာ. . . (မှန်ပါ)၊ ပေါ် ပလား. . . (ပေါ်ပါပြီဘုရား)။

## ဒုက္ခဆုံးတာနိဗ္ဗာန်

ဘာတဲ့တုံ. . . (ဒုက္ခက္ခန္ဓသ၏ အစဖျောက်တာပါ ဘုရား)။ ဒါဖြင့် ဒုက္ခအစုကြီး၏ အစဖျောက်တယ်ဆိုတော့ ကျုပ် တို့သည် အစကိုဖျောက်နိုင်တဲ့ ပုဂ္ဂိုလ်မို့ ဒုက္ခတွေ့စရာ မြင်သေးရဲ့ လား. . . (မမြင်ပါဘုရား)။ ဒါဖြင့် ဒုက္ခဆုံးတာ နိဗ္ဗာန်. . . (မှန်ပါ့ ဘုရား)။

အစဖျောက်လို့ရတာ၊ အစမဖျောက်ရင်. . . (မရပါ ဘုရား)။ မှတ်မိပလား. . . (မှတ်မိပါပြီ)၊ ကဲ. . . ဒါဖြင့် ဒါလုပ်. . . (မှန်ပါ့)။ နေရာကျပြီ. . . (ကျပါပြီဘုရား)။

ကဲ. . . ဤတွင် တော်ကြဦးစို့. . . ။

သာဓု. . . သာဓု. . . သာဓု. . .

## ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
## မိုးကုတ်ဆရာတော်ဘုရားကြီး
## အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်
# ခန္ဓာငါးပါးနောက်က
# ဉာဏ်တရားလိုက်ပါ

ဟောကြားသည့်နေ့ (၂၄-၈-၁၉၆၁)

အခုပြမည့် ဥစ္စာဟာ ကိုယ့်ဖြစ်စဉ်လမ်းစဉ်လို့ မှတ်ထား ပါ. . . (မှန်ပါ)။

အခုပြမည့် ဥစ္စာ ဘာတုံး. . . (ကိုယ့်လမ်းစဉ်ပါ)၊ ဖြစ်စဉ် လမ်းစဉ်၊ ဒီကကျော်ပြီးတော့ကို ဘယ်သူမှ မဖြစ်နိုင်ဘူး၊ ဒီလမ်းနဲ့ ဒီစခန်းချည်း ဖြစ်ကြတယ်လို့ မှတ်ထားရမယ်. . . (မှန်ပါ)။

**ဒီသုံးချက်သိရမယ်**

အဲဒီတော့ (၁) ကိုယ် ဘယ်ကလာသတုံး (၂) ကိုယ်အခု

ဘယ်လိုနေသတုံး (ဂု) ကိုယ်သေရင် ဘယ်သွားရမယ်. . . ဒီသုံးချက် သိရမယ်. . . (မှန်ပါ)။

ကိုယ်ဘယ်ကလာတယ် တစ်ချက်၊ ကိုယ် အခု ဘယ်လိုနေတယ် တစ်ချက်၊ ကိုယ်သေရင် ဘယ်သွားရမယ် တစ်ချက်၊ ဘယ်နှစ်ချက်ပါလိမ့်. . . (သုံးချက်ပါဘုရား)။

ကိုယ် ဘယ်ကလာတယ်က တစ်ချက်. . . (မှန်ပါ)၊ ကိုယ်အခု ဘယ်လိုနေရမယ်က တစ်ချက်၊ ကိုယ်စုတေမနေ သေလွန်ရင် ဘယ်သွားရမယ်ဆိုတာက. . . (တစ်ချက်)၊ အဲ့ဒီ သုံးချက်. . . (မှန်ပါ)။

## တရားအားထုတ်တဲ့ပုဂ္ဂိုလ်

တစ်ခါ တရားတွေ ဘာတွေ အားထုတ်တဲ့ ပုဂ္ဂိုလ်ကျတော့လည်း သုံးချက်မှတ်ရမယ်. . . (မှန်ပါ)၊ ကိုယ် ဘယ်ကလာတယ်ဆိုတာ သိဖို့တစ်ချက်၊ ကိုယ်အခု ဘယ်လိုနေရတယ်ဆိုတာက သိဖို့တစ်ချက်၊ ကိုယ်သေရင် လမ်းဆုံးပြီဆိုတာက သိဖို့ တစ်ချက်၊ ဘယ်နှစ်ချက်ပါလိမ့်. . . (သုံးချက်ပါဘုရား)။ သုံးချက် လို့ သေသေချာချာမှတ်ထားပါ။

## သံသရာစရိုးမဆုံးတဲ့ပုဂ္ဂိုလ်

ဒါကိုလည်း ပြောရတယ်၊ နို့မဟုတ်လို့ရှိရင် ခင်ဗျားတို့

ဘယ်ကလာတယ်၊ ဘယ်လိုနေ၍ ဘယ်သွားရမှန်းလည်း မသိဘူး တော်တော်ကျပ်တာပဲ. . . (မှန်ပါ)။

၁ - နံပါတ် ခင်ဗျားတို့မှတ်စရာက ဘယ်ကလာတယ် သိဖို့တစ်ချက်. . . (မှန်ပါ)၊ အခု ဘယ်လိုနေတယ်ဆိုတာ သိဖို့ တစ်ချက်၊ ဘယ်သွားရမယ်ဆိုတဲ့ဥစ္စာ. . . (သိဖို့တစ်ချက်ပါ)။ ဒါက ခရီးမဆုံးတဲ့ပုဂ္ဂိုလ်သိဖို့ သုံးချက်. . . (မှန်ပါ)။

## သံသရာခရီးဆုံးတဲ့ပုဂ္ဂိုလ်

ကြိုးစားပြီး ခရီးဆုံးအောင်လုပ်တဲ့ပုဂ္ဂိုလ်ကျတော့ ဘယ်ကလာတယ်ဆိုတာ သိဖို့တစ်ချက်. . . (မှန်ပါ)၊ အခု ဘယ်လိုနေမှတော်မယ်ဆိုတာ သိဖို့တစ်ချက်. . . (မှန်ပါ)၊ နောက် ကိုယ့်အလုပ်ခရီးပေါက်သွားလို့ ဩော်. . . ခရီးဆုံးပြီလို့ သိဖို့တစ်ချက်. . . (မှန်ပါ)။

ဒါဖြင့် သံသရာခရီးသည်မှာ သုံးချက်. . . (မှန်ပါ)၊ သံသရာခရီးဆုံးတဲ့ပုဂ္ဂိုလ်မှာ သုံးချက် . . . (မှန်ပါ)၊ တော်တော် အရေးကြီးလာပြီဆိုတာ ပေါ်လာပြီ- (ပေါ်လာပါပြီဘုရား)။

## တီကောင်းသွား၊ သွားနေတာ

ဒါအားလုံးပဲမှတ်ကြပါ၊ နို့မဟုတ်လို့ရှိရင်ဖြင့် ခင်ဗျားတို့ ဘယ်က လာမှန်းမသိဘူး၊ ဘယ်လိုနေမှန်းလဲ မသိဘူး (မှန်ပါ)

ဘယ်သွားရမှန်း. . . (မသိပါဘူး)၊ ဆိုတော့ မသိသုံးလုံးနဲ့ဆိုတော့ ကျုပ်တို့မြေပေါ်မှာသွားနေတဲ့ တီကောင်သွားသွားနေတာ (မှန်ပါ)။ သူဘယ်ကဖြစ်လာတယ်လို့လဲ မသိဘူး၊ အခု ဘယ်သွားနေတယ်လို့လည်း မျက်လုံးမပါလို့ မသိဘူး. . . (မှန်ပါ)၊ ဟိုဘက်သွားလို့ရှိရင်ဖြင့် ငါသည် ချောက်ကျလိမ့်မယ်လို့ကော သိရဲ့လား . . . (မသိပါဘူး)၊ မသိလို့လည်း သွားလိုက်တာပဲ၊ သွားလို့လည်း ချောက်ထဲကျသွားတာပဲ. . . (မှန်ပါ)။

## မသိတာချည်းဖြစ်နေတယ်

အဲဒီတော့ ခင်ဗျားတို့ ကျုပ်တို့မှာ ဒီလို တရားထူးတရားမြတ်ကို မသိရ, မကျင့်ရတော့ဘူးဆိုရင် ဘယ်ကလာမှန်းလဲ မသိတော့ဘူး. . . (မှန်ပါ)၊ ဘယ်သွားရမှန်းလဲ. . . (မသိပါဘူး) ဘယ်လိုနေရမယ်လို့ကော. . . (မသိပါဘူး)။

ဒါဖြင့် ခက်နေပြီ၊ မသိတာချည်းဖြစ်နေတယ်. . . (မှန်ပါ)၊ မသိတာချည်းဖြစ်နေပါတယ်ဆိုတော့ အတော်ခဲယဉ်းပါတယ် . . . (ခဲယဉ်းပါတယ်ဘုရား)။

## ဆရာကောင်းနဲ့တွေ့လို့သိရပြီ

ကိုင်း - တစ်ခါ ဆရာကောင်း သမားကောင်းနဲ့ တွေ့ပြန်တယ်ဆိုတော့ ဘယ်ကလာတယ်ဆိုတာလဲ သိရမယ်၊

အခုဘယ်လိုနေတယ်ဆိုတာလဲ. . . (သိရပါမယ်)၊ သေလို့ရှိရင် ခရီးဆက်စရာမရှိဘူးဆိုတာလဲ. . . (သိရပါမယ်)၊ ဒါ ခင်ဗျားတို့ အခုအချိန်မှာ ဒါအရေးကြီးတယ်. . . (မှန်ပါ)၊ အခု အချိန်မှာ ဒါအရေးကြီးတယ်ဆိုတာ မှတ်ကြစမ်းပါ. . . (မှန်ပါ)။

အဲဒီတော့ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟော လိုက်တယ်၊ ခင်ဗျားတို့ ကျုပ်တို့တွေးကြည့်လည်း ဟုတ်ပါတယ် ဆိုတာ ဝန်ခံရမှာပဲ. . . (မှန်ပါ)၊ ဘယ်လို ဝန်ခံရမလဲဆိုတော့ ကျုပ်တို့ နောက်ဘဝက သစ္စာလေးပါး မသိခဲ့တဲ့ အဝိဇ္ဇာရှိတယ် . . . (မှန်ပါ)။

သစ္စာလေးပါး မသိခဲ့တဲ့. . . (အဝိဇ္ဇာရှိပါတယ်ဘုရား)၊ ဒါရှိတယ်။

ဦးလှက ဒီဘက်တိုး. . . ခင်ဗျားတို့ အသက်ကြီးတဲ့ လူတွေ၊ ဒကာကြီးလှိုင်ကတော့ ကြားတယ်နော်. . . (ကြားပါ တယ်ဘုရား)၊ ဒီအထဲ ဘယ်သူအကြီးဆုံးလဲ. . . (တပည့်တော် အကြီးဆုံးပါဘုရား)၊ အဲ. . . ဟုတ်တယ်၊ ရှစ်ဆယ့်ဘယ်နှစ် နှစ်တုံး. . . (ရှစ်ဆယ့်ခုနစ်နှစ်ပါဘုရား)။

## အရင်ကသစ္စာလေးပါးမသိခဲ့ဘူး

အဲ. . . ဒါဖြင့် နောက်ဘဝက သစ္စာလေးပါးဆိုတာ ခင်ဗျားတို့က ဘယ်သူနဲ့မှ မတွေ့လို့ ဘာမှ မသိခဲ့ဘူး. . . (မသိ ခဲ့ပါဘူး)၊ ဒုက္ခသစ္စာလဲ မသိ၊ သမုဒယသစ္စာလဲ မသိ၊ နိရောဓ

သစ္စာဆိုတဲ့ လမ်းဆုံးလဲ မသိ၊ မဂ္ဂသစ္စာဆိုတဲ့ လမ်းဖြောင့်လဲ . . . (မသိပါဘူး)။

အဲဒီ မသိတော့ ခင်ဗျားတို့ နောက်ဘဝက မသိမှု မူတည်လာတယ်. . . (မှန်ပါ)၊ ခင်ဗျားတို့ ထင်ရာလုပ်လာတယ်. . . (မှန်ပါ)၊ ထင်ရာ နှစ်ခုလုပ်လာတယ်. . . (မှန်ပါ)။

## ထိုက်တန်တဲ့ကုသိုလ်တော့လုပ်ခဲ့တယ်

နောက်ဘဝက မသိတဲ့ သတ္တ ထင်ရာနှစ်ခုလုပ်လာတယ်. . . (မှန်ပါ)၊ သို့သော် ခင်ဗျားတို့အတွက် ပြောရမယ်ဆိုတော့ နောက်ဘဝက ခင်ဗျားတို့ ထိုက်တန်တဲ့ ကုသိုလ်လဲလုပ်ထားပါတယ်. . . (မှန်ပါ)၊ ထိုက်တန်တဲ့ ကုသိုလ်လုပ်ပြီး သကာလ မတောင်းကောင်းတဲ့ ဆုကို တောင်းတယ်. . . (မှန်ပါ)။

မတောင်းကောင်းတဲ့ ဆုကို. . . (တောင်းပါတယ်ဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ မသိတာနဲ့ ထင်ရာလုပ်ပြီး ထင်ရာတောင်းတယ်. . . (မှန်ပါ)၊ ဒါ နောက်ဘဝက. . . နော်. . . (မှန်ပါ)။

## ထင်ရာလုပ်ပြီး၊ ထင်ရာတောင်းခဲ့တယ်

ထင်ရာလုပ်ပြီး ထင်ရာတောင်းတော့ ခင်ဗျားတို့မှာ

အဖြစ်ဆိုးဆိုတဲ့ ဒီဘဝခန္ဓာငါးပါးရတယ်. . . (မှန်ပါ)၊ ဒါက ဒီဘဝ . . . (မှန်ပါ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ. . . (မှန်ပါ)၊ သင်္ခါရပစ္စယာ (ဝိညာဏံ-ပါ)။

ကဲ ဝိညာဏ်ဆိုတော့ ဘုန်းကြီး သုံးရက်ရှိသွားပြီ ပြောနေတာ၊ ဝိညာဏ်လည်းပါတယ်၊ နာမ်ရုပ်လည်းပါတယ်၊ သဠာယတနလည်းပါတယ်၊ ဖဿလည်းပါတယ်၊ ဝေဒနာလည်းပါတယ်၊ ပေါင်းလိုက်ရင် ခန္ဓာငါးပါး. . . (မှန်ပါ)၊ ရှင်းပြီ . . . (ရှင်းပါပြီ)။

ပေါင်းလိုက်တော့. . . (ခန္ဓာငါးပါးပါ)၊ ဒါဘယ်ဘဝပါလိမ့်. . . (ယခုဘဝပါ)၊ ယခုဘဝ ပစ္စုပ္ပန်ဘဝ ဘာသစ္စာကြီး ပေါ်လာသတုံး. . . (ဒုက္ခသစ္စာကြီး ပေါ်လာပါတယ်)၊ ဒုက္ခသစ္စာကြီး ပေါ်လာတယ်။

## မသိတဲ့ပုဂ္ဂိုလ်ပြုလုပ်တာ

ဒီဒုက္ခသစ္စာဟာ အလိုလို ပေါ်လာတာလား၊ မသိသောပုဂ္ဂိုလ်တို့၏ ပြုလုပ်မှုကြောင့် ပေါ်တာလား. . . (မသိသောပုဂ္ဂိုလ်တို့၏ ပြုလုပ်မှုကြောင့် ပေါ်တာပါ)၊ အံမာလေး. . . ဖြစ်မှဖြစ်ရလေ. . . မသိသော ပုဂ္ဂိုလ်တို့၏ ပြုလုပ်မှုကြောင့် ပေါ်တာတဲ့. . . (မှန်ပါ)။

မသိသောပုဂ္ဂိုလ် ပြုလိုက်တာနဲ့ ဒုက္ခပေါ်တာပဲနော် . . . (မှန်ပါ)၊ သူက ပြောနေတယ်၊ ဒကာကြီးလိုင် သူကပြောနေတာ. . . (မှန်ပါ)၊ ဘုန်းကြီးက ပြောနေတာ မဟုတ်ဘူး၊ ဘုန်းကြီးက ဒီကအပုံကလေးချတာရှိတာပဲ. . . (မှန်ပါ)၊ အပုံကလေး ချတာရှိတာပဲ၊ ခင်ဗျားတို့ ဖြစ်စဉ်ကတော့ ဒါကိုက်နေတာပဲ. . . (မှန်ပါ)။

နောက်ဘဝက သစ္စာလေးပါး မသိဘူး. . . (မှန်ပါ)၊ မသိတော့ ခင်ဗျားတို့ ကုသိုလ်ပြုတယ်၊ ဘုံဘဝတွေ ဆုတောင်းတယ်၊ ဆုတောင်းတော့ ဒီကြားထဲမှာ သေရတယ်၊ သေပြီး ဒီလူခန္ဓာငါးပါး ပြန်ရတယ်၊ လူခန္ဓာငါးပါး ပြန်ရတော့ ဘယ်က စသတုံးဆိုတော့ ဇာတိဒုက္ခကစတယ်လေ၊ ဘာမှ ငြင်းနေစရာ မလိုပါဘူး. . . (မလိုပါဘူး)၊ လိုသေးသလား. . . (မလိုပါဘူး)။

ဘာက စသတုံး. . . (ဇာတိ ဒုက္ခက စပါတယ်)၊ ဒါက ပေါင်းခေါ်တာက ဇာတိဒုက္ခ၊ ရတာက ခန္ဓာငါးပါး (မှန်ပါ)၊ ခန္ဓာငါးပါးအစ ဇာတိဒုက္ခက. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## အတိတ်ဘဝက ဘာမှမသိခဲ့ဘူး

ဒါဖြင့် ခင်ဗျားတို့ အတိတ်ဘဝက ဘာမှမသိတဲ့ ပုဂ္ဂိုလ် . . . (မှန်ပါ)၊ ဘာမှ မသိတာနဲ့ ခင်ဗျားတို့ ရမ်းပြီးလမ်းသွားတယ် . . (မှန်ပါ)၊ မဟုတ်ဘူးလား. . . (မှန်ပါ)၊ ရမ်းပြီးလမ်းသွားတဲ့ အတွက် တစ်ခါတည်း လဲကွဲတဲ့ဒုက္ခကြီးရတယ်. . . (ရပါတယ်)၊ ခန္ဓာငါးပါး ဒုက္ခသစ္စာကြီးရတယ်. . . (ရပါတယ်)၊ ပေါ်ပလား . . . (ပေါ်ပါပြီ)။

အားလုံး တရားနာတဲ့ပုဂ္ဂိုလ်တွေ ပေါ်ကြပလား. . . (ပေါ်ပါပြီ)၊ ခင်ဗျားတို့ အဖြစ်ဆိုးလေ. . . (မှန်ပါ)။

ခုနင်က အစချီခဲ့ပါတယ်၊ ဒကာ ဒကာမတွေ မှတ်စရာက ကိုယ် ဘယ်ကလာမှန်းလဲမသိဘူး၊ ဘယ်ရောက်နေမှန်းလဲမသိ ဘူး. . . (မှန်ပါ)၊ အခု နှစ်ချက်သိပြီ. . . (မှန်ပါ)၊ ဒီနှစ်ခုက လာခဲ့ တာ အခု ဒီနေရာ ရောက်နေပြီ. . . (ရောက်နေပါပြီဘုရား)။

## ခန္ဓာငါးပါးဒုက္ခသစ္စာတရားကြီး

ဒီနှစ်ချက်လာခဲ့တာ (မှန်ပါ)၊ အခုဘယ်ရောက်နေသတုံး . . . (ဒီနေရာ ရောက်နေပါတယ်ဘုရား)၊ ရောက်နေပြီ ရောက် နေပြီ၊ ဒါကိုယ်ရောက်နေတဲ့နေရာကို ကိုယ်သိတယ်. . . (သိပါတယ်ဘုရား)၊ ကိုယ်ရောက်နေတဲ့နေရာ ကိုယ်သိကြပြီ၊ ခန္ဓာ ငါးပါး ဒုက္ခသစ္စာတရားကြီးနဲ့ မခွဲမခွါဘဲ နေရပြီ. . . (မှန်ပါ)။

ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီးနဲ့ . . . (မခွဲမခွါ နေရပါတယ်ဘုရား)၊ မခွဲဘဲမခွါဘဲနေရတယ်. . . (မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် ဒီခန္ဓာငါးပါး ဒုက္ခသစ္စာတရားကို ခင်ဗျားတို့က ဘုန်းကြီး ပြောသလို သြော်. . . ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီးပါကလားလို့ ခင်ဗျားတို့ နောက်ယောင်ခံလိုက်ပြောတာ. . . (မှန်ပါ)၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့ နေလို့ရှိရင်ဖြင့် ဒီခန္ဓာကြီးကို ကျွေးဖို့ မွေးဖို့ သူ့ကို ခလုတ်မထိ ဆူးမငြိဖို့ အတော်အရေးကြီးတယ်. . . (ကြီးပါတယ်ဘုရား)၊ မကြီးဘူးလား. . . (ကြီးပါတယ်)။

## လူမသေငွေမရှားတဲ့

ခင်ဗျားတို့ ပြောနေတဲ့ဥစ္စာက လူမသေ ငွေမရှားပေါ့ . . . (မှန်ပါ)၊ လူမသေ ငွေမရှားပေါ့တဲ့၊ လူကို ဘယ်လောက်ခင်တယ်ဆိုတဲ့ဥစ္စာ မဟုတ်ဘူးလား. . . (မှန်ပါ)။

ဒါဖြင့် လူခန္ဓာကြီးရတာ ခင်ဗျားတို့ သူ့ခင်တဲ့ တဏှာက လာပြန်တာပဲ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ သူ့စွဲလမ်းတဲ့ ဥပါဒါန်ကကော. . . (လာပါတယ်)၊ သူ့ကိုပဲ လုပ်ကျွေးမည့် ကာယကံ, ဝစီကံ, မနောကံတွေနဲ့ဆိုတော့ ကမ္မဘဝတွေကကော. . . (လာပါတယ်)။

ဒါဖြင့် ခန္ဓာငါးပါးကြောင့် တဏှာ ဥပါဒါန်ကံဖြစ်တယ် . . . (မှန်ပါ)၊ ဒီက ၁-၂-၃-၄၊ ဒါဟာ ယခု ပစ္စုပ္ပန်ဘဝ၊ တို့ဒါနဲ့ နေတယ်မှတ်. . . (မှန်ပါ)၊ ဒါက အတိတ်ဘဝက . . . (မှန်ပါ)၊ အတိတ်ဘဝက ၁ နဲ့ ၂ . . . (မှန်ပါ)၊ ပစ္စုပ္ပန်မှာ ၁-၂-၃-၄. . (မှန်ပါ)၊ သဘောပါကြပလား. . . (ပါပါပြီ)။

## မြို့ရွာထဲမှာဘာလုပ်နေကြလဲ

အခု ခင်ဗျားတို့ မြို့ထဲရွာထဲမှာ ဘာတွေလုပ်နေကြသလဲ၊ အိုး. . . အရှင်ဘုရားနှယ် ပြောစရာမလိုပါဘူး၊ စားဖို့ သောက်ဖို့ ပေါ့ဘုရား. . . (မှန်ပါ)၊ ဘယ်သူစားဖို့သောက်ဖို့လဲ. . . ခန္ဓာတွေ ဘုရား၊ တပည့်တော်ခန္ဓာရော၊ တပည့်တော်က မွေးဖွားထားတဲ့ ဆွေမျိုးဉာတကာခန္ဓာ ဒီဟာတွေအတွက် တပည့်တော် ကြိုးစား နေရတယ်၊ ဘာကြိုးစားတုံး၊ ငွေရဖို့ရာ ရှာရတာပေါ့ဘုရား ဆိုတော့ တဏှာ. . . (မှန်ပါ)၊ မရ-ရအောင် စွဲလမ်းတာက ဥပါဒါန်. . . (ဥပါဒါန်ပါ)၊ မဟုတ်ဘူးလား. . . (မှန်ပါ)၊ ရပြီး စွဲလမ်းတာက ဥပါဒါန်၊ မရ-ရအောင် ကြိုးစားနေတာက ကာယကံ၊ ဝစီကံ. . . (မှန်ပါ)၊ ဟော. . . တဏှာ ဥပါဒါန် ကမ္မဘဝ၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## ပစ္စုပ္ပန်မှာ ဘာနဲ့နေကြသတုံး

ဩော်. . . ခင်ဗျားတို့ ပစ္စုပ္ပန် ဘယ်နှစ်ခုနဲ့ နေကြသတုံး၊ ခန္ဓာငါးပါး တဏှာ ဥပါဒါန် ကံတရား. . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ပစ္စုပ္ပန် ဘာနဲ့နေသတုံး. . . (ခန္ဓာငါးပါး တဏှာ ဥပါဒါန် ကံနဲ့ နေပါတယ်)၊ ပေါ်ပလား. . . (ပေါ်ပါပြီ)။

ဒီဘဝ ရောက်လာပြန်တော့ ခင်ဗျားတို့ ဘာများလုပ်နေသတုံး၊ ကျုပ်တို့က ပညာရှိ သူတော်ကောင်းတွေက ကောက်မေးလိုက်တဲ့အခါကျတော့ ဒီဒုက္ခသစ္စာကြီးကို ပူဇော်ပသဖို့ . . . (ပူဇော်ပသဖို့ မှန်ပါတယ်ဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## ဒုက္ခသစ္စာကြီးကိုပူဇော်ဖို့

မနားကြနဲ့ ဒုက္ခသစ္စာကြီးကို ပူဇော်ပသဖို့ တဏှာ ဥပါဒါန် ကံတွေ လုပ်နေတယ်. . . (လုပ်ပါတယ်ဘုရား)၊ မလုပ်ဘူးလား . . . (လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်ဘဝမှာ ခင်ဗျားတို့သည် ဘာများဖြစ်နေကြသတုံးလို့ မေးလို့ရှိရင် ခန္ဓာငါးပါး တဏှာ ဥပါဒါန်ကံတရားဒါနဲ့ နေကြတာပဲ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

နက်ဖြန် မျက်လုံးပေါက်က ဖွင့်လိုက်ပြန်လည်း တဏှာ ဥပါဒါန် ကံတရား၊ ဒီထဲ မျက်လုံးက ပါပြီးသား. . . (မှန်ပါ)၊

နားကလည်း ဒီအထဲ ခန္ဓာငါးပါးထဲမှာပါနေတယ်. . . (မှန်ပါ)၊ နားပေါက်ကလည်း တဏှာ ဥပါဒါန်ကံ. . . (မှန်ပါ)၊ နှာခေါင်း ကကော - (တဏှာ ဥပါဒါန် ကံပါဘုရား)၊ လျှာပေါက်ကကော - (တဏှာ ဥပါဒါန် ကံပါဘုရား)၊ ကိုယ်ပေါက်ကကော - (တဏှာ ဥပါဒါန် ကံပါဘုရား)၊ မနောပေါက်ကကော - (တဏှာ ဥပါဒါန် ကံပါဘုရား)။

## တစ်နေ့ကံပေါင်းဘယ်လောက်တုံး

ဩော်. . . တစ်နေ့ကို ဦးလှတို့, ဦးမာဒင်တို့ ကံပေါင်း ဘယ်လောက်တုံး. . . (မရေမတွက်နိုင်ပါဘူး)၊ ဘယ်သူ့အတွက် လုပ်တဲ့ ကံတွေတုံးဗျ. . . (ခန္ဓာငါးပါးအတွက်ပါ)၊ ခန္ဓာငါးပါး နောက်ထပ်ရဖို့ မဟုတ်ဘူးလား. . . (မှန်ပါ)၊ ယခုခန္ဓာအတွက် ကြိုးစားရတာနဲ့ နောက်ခန္ဓာအတွက် ဖြစ်ရမယ်. . . (မှန်ပါ)။

ယခု ကုသိုလ်လုပ်တာနဲ့ ယခုဒီခန္ဓာကျွေးဖို့ တဏှာ ဥပါဒါန်ကံလုပ်တာနဲ့ နောက်ခန္ဓာအသစ်လည်း ရရမလား- မရရဘူးလား. . . (ရရပါမယ်ဘုရား)၊ ပေါ်ပလား. . . (ပေါ်ပါပြီ)။

ဒါဖြင့် ပစ္စုပ္ပန်ဘဝမှာ ခင်ဗျားတို့ ဘာများ လုပ်နေကြ သတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာငါးပါး တဏှာ ဥပါဒါန် ကံတရား ဒါပဲလုပ်နေတယ်. . . (မှန်ပါ)၊ ပေါ်ပလား. . . (ပေါ်ပါ ပြီ)။

ဒီခန္ဓာငါးပါးကြီးကို ကျွေးဖို့ တဏှာ ဥပါဒါန် ကံတွေနဲ့ ကြိုးစားနေကြတယ်. . . (မှန်ပါ)၊ ဒီ ကြိုးစားရင်း မတ္တနဲ့ ကျွမ်းထိုး မှောက်ခုံနဲ့ သေကြစို့ဗျာ. . . (မှန်ပါ)၊ သေရမှာပေါ့. . . (မှန်ပါ သေရမှာပါ)၊ ကဲ သေတဲ့အခါကျတော့ ကမ္မဘဝ ပစ္စယာ. . ဇာတိ၊ ဇာတိပစ္စယာ. . . (ဇရာ မရဏပါ)၊ ဇရာ မရဏ. . .၊ ဒါကအနာဂတ်ဘဝ၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဒါက ပစ္စုပ္ပန်ဘဝ၊ ပစ္စုပ္ပန် ၁-၂-၃-၄ (မှန်ပါ)၊ အနာဂတ်ကတော့ ဇာတိ ဇရာ မရဏ ၃ . . . (မှန်ပါ)၊ အတိတ်ဘဝက အဝိဇ္ဇာသင်္ခါရ. . . (မှန်ပါ)၊ ရှင်း ပလား. . . (ရှင်းပါပြီ)၊ ဒါ ပဋိစ္စသမုပ္ပါဒ် အကုန်သွားကိုက်တာပဲ . . . (မှန်ပါ)၊ ပေါ်ပလားဦးလှ. . . (ပေါ်ပါပြီ)။

## အတိတ်ကဘာနဲ့နေခဲ့သတုံး

အတိတ်က ဘာနဲ့နေခဲ့သတုံး ဦးလှကြီး. . . (အဝိဇ္ဇာ သင်္ခါရပါ)၊ အဝိဇ္ဇာသင်္ခါရနဲ့ နေခဲ့တယ်၊ အဝိဇ္ဇာဆိုတာ သစ္စာ လေးပါးမသိတာ၊ သင်္ခါရဆိုတာ ပြုချင်သလိုပြုတာ. . . (မှန်ပါ)။

သင်္ခါရဆိုတာ. . . (ပြုချင်သလိုပြုတာပါ)၊ ပြုချင်သလို ပြုလုပ်တာ၊ ရမ်းပြီးလုပ်တာ၊ ဟုတ်လား. . . (မှန်ပါ)၊ အဝိဇ္ဇာက အကန်း. . . (မှန်ပါ)။

အဝိဇ္ဇာက ဘာတုံး. . . (အကန်းပါဘုရား)၊ အကန်းဆို တော့ အကန်းသွားချင်သလို သွားနေတာ. . . (မှန်ပါ)၊ ဘယ်ခြေ

ရော ညာခြေရော တစ်ခုမှ မကောင်းဘူး. . . (မကောင်းပါဘူး ဘုရား)၊ ကောင်းသေးရဲ့လား. . . (မကောင်းပါဘူး)။

ဒါဖြင့် နောက်ဘဝက ခင်ဗျားတို့ အကန်းသွား သွားတဲ့ အတွက် ဒီဘဝမှာ ချော်လဲတဲ့ ခန္ဓာကြီးရတာပဲ. . . (မှန်ပါ)၊ ရတဲ့ ခန္ဓာကြီးကို ခင်ဗျားတို့ တဏှာ, ဥပါဒါန်, ကံနဲ့ ဆေးကုနေရတာ နဲ့သာ သေရတော့တာပဲ. . . (မှန်ပါ)။

## ရတဲ့ခန္ဓာကြီးဆေးကုနေရတယ်

ရတဲ့ခန္ဓာကြီး ဘာလုပ်နေရသလဲ. . . (ဆေးကုနေရတာ နဲ့ အချိန်ကုန်ပါတယ်)၊ ဆေးကုနေရတယ်၊ တဏှာ, ဥပါဒါန်, ကံတွေက ဆေးကုနေရတယ်. . . (မှန်ပါ)၊ ဒါနဲ့ပဲ ခေါင်းတွင်း ဝင်လိုက်ရတယ်၊ သဘောကျပလား. . . (ကျပါပြီ)။

ရတဲ့ခန္ဓာကြီးကို ကျွေးဟယ်, မွေးဟယ်, ဆင်ဟယ်, ပြင်ဟယ်, ဆရာဝန်နဲ့ ကုဟယ်။ ရတဲ့ခန္ဓာကြီးကို ဘုရားတစ်ဆူ ဂူတစ်လုံးလုပ်ပြီး နေရတာနဲ့ သူတော်ကောင်းအလုပ်ဆိုတာ နည်းနည်းမှ မပါဘူး. . . (မပါပါဘူးဘုရား)၊ ပါသေးရဲ့လား . . . (မပါပါဘုရား)။

မပါတော့ ဗလာသေတယ်. . . (မှန်ပါ)၊ ဗလာသေ တော့ ခင်ဗျားတို့ပြုထားတဲ့ ကံက ဘာဖြစ်မတုံး၊ ကမ္မဘဝပစ္စယာ (ဇာတိပါဘုရား)၊ နောက်ဘဝ ဇာတိခန္ဓာငါးပါးကြီး ရပြန်တယ် . . . (ရပါတယ်)။

## နောက်ဘဝငါဘာဖြစ်မတုံး

ဩော်. . . နောက်ဘဝ ငါ ဘာဖြစ်ရမှာပါလိမ့်မတုံး၊ အို-ဇာတိ ဒုက္ခ ရမယ်ကွ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

နောက်ဘဝ ဘာရမတုံး. . . (ဇာတိ ဒုက္ခရပါမယ်)၊ ဒါ အခုပြောခဲ့တဲ့ ဖြစ်စဉ်သည် အတိတ်ဘဝက ကိုယ်နေခဲ့တဲ့ ဖြစ်စဉ် ၁-၂။ (မှန်ပါ)၊ ပစ္စုပ္ပန်ဘဝ ကိုယ်ဖြစ်စဉ်က ၄။ အနာဂတ်ဘဝ ကိုယ့်ဖြစ်စဉ် ၃-(မှန်ပါ)၊ သဘောကျပလား-(ပါ,ပါပြီ)။

အဲဒီတော့ ဘုရားက ဩော်-မင်းတို့သည်ကားလို့ဆိုရင် မျက်စိကန်း တစ္ဆေမကြောက် လျှောက်လာလိုက်တာ အမွဲနဲ့ ဆင်းရဲဆိုတဲ့ ခန္ဓာငါးပါးကြီး ရပြန်တယ်. . . (မှန်ပါ)။

ဘာရကြသလဲ. . . (အမွဲနဲ့ ဆင်းရဲဆိုတဲ့ ခန္ဓာငါးပါးကြီး ရပါမယ်)၊ အမွဲပဲ ဒီခန္ဓာငါးပါးကြီးဟာ. , . (မှန်ပါ)၊ ဘာမှ မလုပ်တတ်ဘူး၊ သူ့မှာ အဝတ်တစ်ထည်၊ ကိုယ်တစ်ခု မပါလာဘူး . . . (မပါဘာပါဘူး)၊ အမွဲကြီး. . . (မှန်ပါ)။

မွေးလာကတည်းက အဝတ်တစ်ထည်၊ ကိုယ်တစ်ခုပါ သေးရဲ့လား. . . (မပါ,ပါဘူး)၊ အမွဲကြီးဗျ၊ ဆင်းရဲလိုက်တာလည်း ပြောစရာမရှိပါဘူး၊ နေပူလာလည်းသူက ခံဘက်က. . . (မှန်ပါ)၊ မိုးရွာလည်း (ခံဘက်ကပါပဲ)၊ ခြင်ကိုက်လည်း. . . (ခံဘက်ကပါ)၊ ခံဘက်ကပဲ။ သဘောကျပလား. . . (ကျပါပြီ)၊ ရောဂါ ဝေဒနာ တွေ လာကော. . . (ခံဘက်ကပါပဲ)။

## အမွဲနဲ့ဆင်းရဲချည်းရလာတယ်

ခင်ဗျားတို့ ရလာတာ အမွဲနဲ့ ဆင်းရဲချည်းရလာတယ် . . . (မှန်ပါ)၊ ခင်ဗျားတို့ချင်း လူချမ်းသာ ရွေးနေတာတော့ ကျုပ်မတတ်နိုင်ဘူးပေါ့ဗျာ. . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။ ခင်ဗျားတို့ချင်း ဘယ်သူက တော်တယ်၊ ဘယ်ဝါက တော်တယ်ဆိုတာက နွတ်ခမ်းပဲ့ချင်း မီးမှုတ်တာကိုးဗျ. . . (မှန်ပါ)၊ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်တာတော့ ကျုပ် မတတ်နိုင်ဘူး. . . (မှန်ပါ)။

ဒကာကြီးလှိုင် ကြားရဲ့လား. . . (ကြားပါတယ်ဘုရား)၊ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်နေတာတော့. . . (ကိုယ့်ဟာကိုယ် ပျော်နေကြတာပါ)၊ ဒါပါပဲ၊ ကိုယ့်ဟာကိုယ် ပျော်နေကြတာ။

## ကလေးကို အိုးပုတ်ဝယ်ပေးထားသလို

ဘာဖြစ်လို့တုံးဆိုတော့ ကလေး အိုးပုတ် ဝယ်ပေးတာနဲ့ ခင်ဗျားတို့က ကျေနပ်သလို ဖြစ်နေတယ်. . . (မှန်ပါ)၊ ကလေး အိုးပုတ်ဝယ်ပေးတဲ့ အခါကျတော့ ကလေးဟာ အငိုတိတ်သွားတယ်. . . (မှန်ပါ)၊ ခင်ဗျားတို့လည်း တဏှာက ရွှေကလေး ငွေကလေး ရအောင်ရှာပေးတာနဲ့ ခင်ဗျားတို့က လူဖြစ်ကျိုးနပ်ပြီတဲ့. . . (မှန်ပါ)။

ခင်ဗျားတို့က လူဖြစ်ကျိုးနပ်ပြီတဲ့၊ ခင်ဗျားတို့ ဝမ်းထဲရှိတဲ့ တဏှာက ဒီမှာမပါဘူးလား. . . (ပါနေပါတယ်)။ အဲဒီတဏှာက

စက်ကလေးတည်လိုက်၊ ဆန်ကလေး၊ ဆီကလေးက အမြတ် အစွန်းထွက်လိုက်ပေါ့လေ. . . (မှန်ပါ)၊ အဲဒါကလေး ခင်ဗျားတို့ ချော့ပေးထားတော့ သေပျော်ပြီကွ. . . (မှန်ပါ)။

## ခင်ဗျားတို့လူကြီးစိတ်မရှိသေးဘူး

တဏှာက အိုးပုတ်ဝယ်ပေးတာနဲ့ ခင်ဗျားတို့က သေပျော်ပြီ ဖြစ်နေတယ်. . . (မှန်ပါ)၊ အတော့်ကို ခင်ဗျားတို့ လူကြီးစိတ် မရှိသေးဘူးဆိုတာ ပေါ်နေတယ်. . . (ပေါ်နေပါတယ်ဘုရား)။ မပေါ်ဘူးလား. . . (ပေါ်ပါတယ်)၊ တဏှာက အိုးပုတ်ဝယ် ပေးထားတာ. . . (မှန်ပါ)။

တဏှာက ဘာဝယ်ပေးထားတာတုံး. . . (အိုးပုတ်ဝယ် ပေးထားတာပါ)၊ ခင်ဗျားတို့က ဘယ့်နှယ်နေသတုံး. . . (ပျော် နေပါတယ်)။

ပျော်နေတယ်၊ တဏှာနဲ့ ပတ်သက်လို့ ရတဲ့အိမ်ကလေး ဆောက်ပေးလိုက်၊ တိုက်ကလေးတည်ပေးလိုက်၊ မဟုတ်ဘူး လား. . . (မှန်လှပါ)။

အဲဒါနဲ့ ပိုတာ လျှံတာကလေးကို ကျောင်းကလေး ဆောက်၊ ဘုရားကလေးတည်၊ အို - ဘာလိုသေးသတုံးကွ၊ လူဖြစ်ကျိုး နပ်ပြီတဲ့. . . (မှန်ပါ)၊ လူဖြစ်ကျိုးနပ်ပြီ၊ ဆင်းရဲနဲ့ အမွဲ ဆိုတာ ဘယ်တော့မှမမြင်ဘူး. . . (မမြင်ပါဘူး)၊ ဒါကို လူဖြစ်ကျိုး

နပ်တယ်ပြောနေတာပဲ. . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။ အံမာလေး ကြောက်စရာ လူတွေပါလား. . . (မှန်ပါ)။

## ဘုန်းကြီးကမကဲ့ရဲ့ပါဘူး

အို - ကြောက်စရာကို ဘုန်းကြီးက မကဲ့ရဲ့ပါဘူး၊ နဂိုက မျက်စိကန်းက လာခဲ့တာ. . . (မှန်ပါ)၊ ဟိုဘက်က ဘာတုံး အဝိဇ္ဇာက လာခဲ့တာမဟုတ်လား. . . (အဝိဇ္ဇာက လာခဲ့တာပါ)၊ မျက်စိကန်း တစ္ဆေမကြောက် လျှောက်လာတာကိုး. . . (မှန်ပါ)၊ အဲဒီတော့ ကဲ့ရဲ့တဲ့လူကပဲ အရုပ်ဆိုးမလိုလို၊ ခင်ဗျားတို့ ကန်းတာက ပိုနေတယ်. . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ အတော်မဆိုးဘူးလား. . . (ဆိုးပါတယ်ဘုရား)။

ဒါ မနာကြနဲ့၊ ခင်ဗျားတို့လမ်းစဉ်က ဒီအတိုင်း. . . (မှန်ပါ)။

ဒါ - အခုကန်းပုံကို ဖော်တုန်းရှိသေးတယ်၊ ပြီးမှ အမြင်မျက်လုံးတပ်ပေးရမယ်. . . (မှန်ပါ)၊ ဒကာကြီးလှိုင် ရိပ်မိပလား . . . (ရိပ်မိပါပြီ)၊ နည်းနည်းနောနော ကန်းတာလားဗျ. . . (အများကြီးကန်းပါတယ်)။

အများကြီးကန်းတယ်၊ ဒီတဏှာက လုပ်ကိုင်ပြီး သကာလ သူနဲ့ပဲ ခင်ဗျားတို့ ရွှေကလေးရ၊ ငွေကလေးရ၊ တိုက်ကလေး၊ ကားကလေးပေါ့ဗျာ၊ ထိုက်တန်သလောက်ရတော့

ဦးလှကြီးက ဘယ့်နှယ်များနေသတုံး၊ ဘုန်းကြီးနဲ့ မတွေ့ခင်တုန်း ကဆိုရင်. . . (ပျော်နေပါတယ်)၊ အိုးပုတ်ဝယ်ပေးတယ်. . . (မှန်ပါ)။

ဘယ့်နှယ်နေသတုံး. . . (ကျေနပ်ပါတယ်ဘုရား)၊ အိုးပုတ်ဝယ်ပေးထားတာ၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ အိုးပုတ် ဝယ်ပေးလို့ ကလေးအငိုတိတ်သွားတာ. . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

အဲဒါ အငိုတိတ်တာ တခြားမဟုတ်ပါဘူး၊ ခင်ဗျားတို့က ဒါလောက်ဆိုရင် သေပျော်နေပျော်ရှိပြီဆိုတော့ ဒါ အငိုတိတ် တာ. . . (မှန်ပါ)၊ ဒီဒုက္ခသစ္စာကြီး ဇာတ်သိမ်းမှု မသိမ်းမှုတော့ တွေးကို မတွေးဘူး. . . (မတွေးပါဘူး)၊ တော်ပြီသာ ပြောနေတာ ကိုး. . . (မှန်ပါ)။

## တဏှာချော့တာနဲ့မော့နေကြတယ်

ဘာတော်ရမှာတုံးဗျ၊ လောကကြီး အနာပေါက်လို့မှ အနာ ငန်းမန်းကြွတုန်းရှိသေးတယ်၊ တော်လောက်ပလား. . . (မတော်လောက်ပါဘူး)၊ မတော်လောက်တာ ခင်ဗျားတို့က တဏှာချော့တာနဲ့ မော့နေကြတယ်. . . (မှန်ပါ)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

တော်-တော်သေးတယ်၊ အခု ဆံပင်ဖြူလို့ ရိပ်မိလာတယ်. . . (ရယ်သံများ)၊ တော်-တော်သေးတယ်၊ ရှေ့ကို ဒီအတိုင်းသာ မကြားရဘူးဆိုရင် သွားပြီ. . . (မှန်ပါ)၊ သေသေချာချာသွားပြီ. . . (သွားပါတယ်ဘုရား)။

## ခွေးနာဥပမာ

ဒကာကြီးလှိုင် မသွားသေးဘူလား. . . (သွားပါတယ်ဘုရား)၊ ဒီအနာရထားတဲ့အနာ ပျောက်ပလားလို့ မေးတယ်. . . (မပျောက်သေးပါဘူးဘုရား)၊ ဒီအနာကြီးနဲ့ ခွေးမှာ ဂုတ်အနာကြီးနဲ့ တစ်ခါတည်း ခင်ဗျားတို့က သူ့ဟာသူ မှောင်ထဲမှာ ခြင်မကိုက်တာနဲ့ သက်သာပြီထင်နေတယ်. . . (မှန်ပါ)၊ မှောင်ထဲတိုးသွားလို့ ခြင်က မကိုက်တော့ဘူး၊ ယင်က မအုံတော့ဘူး ဒါနဲ့ သက်သာပြီထင်နေတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ အဲဒါ ခင်ဗျားတို့ဖြစ်စဉ်ပါ. . . (မှန်ပါ)။

ဒါဖြင့် ပစ္စုပ္ပန်ဖြစ်စဉ်ကော သိပလား. . . (သိပါပြီ)၊ အနာမပျောက်ဘဲနဲ့ တော်ပြီလို့ထင်နေတာ. . . (ထင်ပါတယ်ဘုရား)၊ သဘောပါပလား. . . (ပါပါပြီ)။

## သေတော့ဘာတွေရသလဲ

ဒါဖြင့် ခင်ဗျားတို့ ဒါလောက်တောင် အထင်ကြီးတဲ့

လူတွေ အသက်ကြီးတော့ သေလိုက်. . . (မှန်ပါ)၊ သေလိုက် တော့ ဘာတွေရသလဲ. . . ? (ဇာတိဒုက္ခရပါတယ်)၊ **ဇာတိ,** ဇရာ, မရဏ ပြန်ပြီးရတယ်. . . (မှန်ပါ)။

**ဇာတိ, ဇရာ, မရဏ** ပြန်ပြီးရတော့ ဘာမှ မသိတဲ့ ပုဂ္ဂိုလ် ကျတော့ သောကပရိဒေဝလိုက်ရမယ်. . . (မှန်ပါ)၊ **သောက ပရိဒေဝ, ဒုက္ခ, ဒေါမနဿ** မလိုက်ပေဘူးလား. . . (လိုက်ပါ တယ်ဘုရား)၊ သိလို့လား-မသိလို့လား. . . (မသိလို့ပါဘုရား)၊ မသိရင် အဝိဇ္ဇာပါတယ်. . . (မှန်ပါ)၊ အာသဝမပါဘူးလား. . . (ပါပါတယ်ဘုရား)၊ ဆို. . . အာသဝသမုဒယာ အဝိဇ္ဇာသမုဒ ယော. . . ဒီပြန်ပတ်ရမယ်. . . (မှန်ပါ)။

ပတ်ပလား. . . (ပတ်ပါပြီ)၊ အာသဝသမုဒယာ. . . (အာသဝသမုဒယာ အဝိဇ္ဇာသမုဒယောပါ)၊ ဟာ-နဂိုကမှ မမြင် ရတဲ့အထဲ မမြင်တဲ့ဆီရောက်မယ်. . . (မှန်ပါ)၊ လမ်းသွားဦး တော့မယ် သူ. . . (သွားဦးမှာပါ)၊ အရမ်းသွားဦးမယ်၊ အရမ်း သွားရင် အနာရဦးမယ်. . . (မှန်ပါ)၊ အနာရလို့ရှိရင် တဏှာချော့ လို့ မော့လိမ့်ဦးမယ်. . . (မော့ဦးမှာပါ)၊ သေခြင်းဆိုး သေလိမ့်ဦး မယ်. . . (သေရမှာပါ)၊ ကြောက်စရာကြီးပါလား ခင်ဗျားတို့ ဖြစ်စဉ်တွေ. . . (မှန်ပါ)။

## သံဝေဂရအောင်ဟောတာမဟုတ်ဘူး

ဒါ သံဝေဂရအောင် ဟောတာလား၊ ဦးမာဒင် ဖြစ်စဉ် ကိုက်လာတာလား. . . (ဖြစ်စဉ်ကိုက်လာတာပါ)၊ သံဝေဂရ အောင်လို့ ဘုန်းကြီးက တစ်လုံးမှ မပြောဘူး. . . (မှန်ပါဘုရား)။ ခင်ဗျားတို့ ဖြစ်စဉ်ကို ခင်ဗျားတို့ နားမလည်လို့ ဒီလိုဖြစ်နေတယ် ပြောတာပဲရှိတယ်. . . (မှန်ပါ)၊ ဘုန်းကြီးက အပိုအမိုထည့်ပြီး သကာလ ပြောတာမဟုတ်ပါဘူး. . . (မှန်ပါ)။

ဒါက ဘုရားမဟောလည်း ခင်ဗျားတို့ ဒီအတိုင်း လှည့် ပြေးနေတာပဲ. . . (မှန်ပါ)၊ ဘုရားဟောလည်း မလိုက်နာသေးရင် (ဒီအဝိုင်းလှည့်ပြေးနေတာပါပဲ)၊ မလိုက်နာသေးရင် အဝိုင်းပြေး ပဲ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ) ပေါ်ပလား. . . (ပေါ်ပါ ပြီ)။

အတော်ဆိုးလာတာ ခင်ဗျားတို့ဖြစ်စဉ်၊ ဟင်. . . (အများကြီးဆိုးပါတယ်)၊ အများကြီးဆိုးတယ်ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီ)။

## အာသဝတွေပါသွားပြီ

**ဒီ ဇာတိ, ဇရာ, မရဏဆိုရင် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿတွေနဲ့ဆိုတော့** အာသဝပါသွားပြီဗျ. . . (ပါသွားပါပြီ)၊ စိုးရိမ်တယ်၊ ပူဆွေးတယ်၊ ငိုကြွေးတယ်ဆိုတာ ကာမာသဝ၊ ကိုယ့်

ဘဝစွန့်ရမှာစိုးလို့ ကာမာသဝ ကိုယ့်ကိုယ်ခင်တွယ်တဲ့ ကာမာသဝ. . . (မှန်ပါ)၊ ကိုယ့်ဘဝခင်တွယ်တဲ့ ဘဝါသဝ. . . (မှန်ပါ)။ ငါ့ခန္ဓာကြီးနဲ့ ကွဲရတော့မယ်ဆိုတဲ့ ဒိဋ္ဌာသဝ- (မှန်ပါ)၊ အဲဒီ ဒိဋ္ဌာသဝတွေ ဒီအထဲမှာ သေခါနီးရောက်နေတယ် (မှန်ပါ)။

ဒါ့ကြောင့် ဘုရားက အာသဝသမုဒယာ-မင်းလာတယ်၊ အဝိဇ္ဇာသမုဒယောပြန်ကွ. . . (မှန်ပါ-အဝိဇ္ဇာဘက်ပြန်ရမှာပဲဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဒါဖြင့် အဝိဇ္ဇာပစ္စယာ. . . (သင်္ခါရာပါ)၊ ဒီလှည့်သွားပြီ. . . (မှန်ပါ)၊ မလှည့်သေးဘူးလား . . . (လှည့်ပါတယ်ဘုရား)၊ ပေါ်ပလား. . . (ပေါ်ပါတယ်ဘုရား)။

## အဝိုင်းပြေးလို့ကောင်းတုန်းပဲ

ဩော်. . . လူဖြစ်ရကျိုး နပ်ကြပလား ဘယ့်နှယ်တုံး လူဖြစ်ကျိုးနပ်ပလား. . . (နပ်ပါပြီဘုရား)၊ ဘယ်နပ်ရဦးမလဲဗျ၊ ဘာမှ မနပ်သေးဘူး၊ ပြေးလို့ကောင်းတုန်းရှိသေးတယ်. . . (ရယ်သံများ)၊ ဝိုင်းလို့ကောင်းတုန်း၊ ပြေးလို့ကောင်းတုန်းပဲ ရှိသေးတယ်. . . (မှန်ပါ)။

ဟော့-မောင်ချစ်စိန်တို့ ကျေနပ်ပလား. . . (ကျေနပ်ပါပြီ)။

ဒါကြောင့် ဘုရားက နဂိုက ဒီလိုဝိုင်းနေတာကိုး၊ ဒီက **ခန္ဓာငါးပါး၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဒီက ဇာတိ, ဇရာ, မရဏ,**

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ။ ဥပါယာသ
သမုဒယာ အဝိဇ္ဇာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့ ဒီလို လှည့်နေတာ
ကို။ ဘုရားပွင့်လာတော်မူတော့ သတ္တဝါ တစ်ယောက်၏ဘဝကို
ရှာလိုက်တယ်၊ ခင်ဗျားတို့က လုံးပြီးသား ဖြစ်နေတယ် (မှန်ပါ)။

ခင်ဗျားတို့က ဘယ့်နှယ်တုံး. . . (လုံးပြီးသားပါဘုရား)၊
ငါအစရှာမတွေ့ဘူးတဲ့၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဘုရားက ဘာတဲ့တုံး (အစရှာမတွေ့ဘူး)၊ ခင်ဗျားတို့
အစရှာမတွေ့ဘူးတဲ့. . . (မှန်ပါ)။

အစရှာမတွေ့လို့ရှိရင်ဖြင့် ဒီနွယ်ပင်ကို အမြစ်ပါ တူးပစ်
ဖို့ ဦးမာဒင် ခဲယဉ်းတယ်. . . (မှန်ပါ)၊ ဘယ့်နှယ်တုံး . . (ခဲယဉ်းပါ
တယ်ဘုရား)။

အနွယ်ပင်တစ်ပင် အစရှာမတွေ့ဘူးဆိုလို့ရှိရင် ဒီမျိုး
ပြုတ်ဖို့ အမြစ်တူးဖို့ ဘယ့်နှယ်တုံး. . . (ခဲယဉ်းပါတယ်ဘုရား)၊
ဖြစ်နိုင်စရာ မြင်သေးရဲ့လား. . . (မမြင်ပါဘူး)၊ သဘောပါပလား
(ပါပါပြီ)။

## နောက်တုန်းကဘာများဖြစ်ခဲ့သတုံး

ကဲ-အခု တပည့်တော်တို့ နောက်တုန်းက ဘာများဖြစ်
ခဲ့သတုံးဘုရား - အရှင်ဘုရားများကတော့ ဗဟုသုတရှိလို့ ပြောပဲ

ပြောစမ်းပါဦးဆိုတော့ ဒါပြောတာပဲ. . . (မှန်ပါ)၊ ဒါပြောတာပဲ၊ အတိတ်ဘဝက မင်း **အဝိဇ္ဇာသင်္ခါရ**နဲ့ နေခဲ့တယ်၊ ပစ္စုပ္ပန်ဘဝမှာ **ခန္ဓာငါးပါး** တဏှာ၊ ဥပါဒါန်၊ ကံနဲ့ နေခဲ့တယ်. . . (မှန်ပါ)၊ အနာဂတ်ဘဝမှာ ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝနဲ့ နေခဲ့တယ်၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဒီလိုလုပ်ကြစို့၊ ဟောဒီသုံးခုက သမုဒယသစ္စာ (မှန်ပါ)၊ ဟောဒီခန္ဓာက. . . (ဒုက္ခသစ္စာပါ)။

ဒီသုံးခုက. . . (သမုဒယပါ)၊ ဒီဘက်ဟာတွေက. . . (ဒုက္ခပါ)၊ ဒုက္ခသစ္စာ၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ကိုင်း-ဒါဖြင့် ဒါက ဘာသစ္စာ. . . (သမုဒယသစ္စာပါ)၊ ဒီခန္ဓာက. . . (ဒုက္ခသစ္စာပါ)၊ ခန္ဓာက တစ်ခါပေါက်ဖွားလာတာက. . . (သမုဒယပါ)၊ တစ်ခါပေါက်ဖွားလို့ အကျိုးပေးပြန်တာက . . . (ဒုက္ခပါ)၊ ရှင်းပလား (ရှင်းပါပြီ)၊ ဒီအကျိုးထဲကနေ ဒီအကြောင်း ထွက်လာတာက. . . (သမုဒယပါ)။

## မဂ်ဉာဏ်ကိုသပိတ်မှောက်ထားတဲ့လူတွေ

ဒါဖြင့် ခင်ဗျားတို့ မဂ္ဂသစ္စာလည်း မပါဘူး . . . (မှန်ပါ)၊ နိရောဓသစ္စာလည်း (မပါပါဘူး)၊ အံမာ-မဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို ခင်ဗျားတို့ သပိတ်မှောက်ထားတဲ့ လူတွေ. . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

မင်္ဂဉာဏ်နဲ့ နိဗ္ဗာန်ကို . . . (သပိတ်မှောက်ထားပါတယ်ဘုရား)၊ ဘယ်လောက်ကြာပြီတုံး. . . (မရေတွက်နိုင်ပါဘုရား)။

ဘယ်လောက်ကြာပြီတုံး. . . မေးတော့ ဘယ့်နှယ်ဖြေကြမတုံး. . . (ကြာလှပါပြီ)၊ မဟုတ်ဘူး၊ ရှိမှန်းကိုမသိဘူး၊ သပိတ်မှောက်တာ အသာထားပါဦး. . . (မှန်ပါ)၊ သပိတ်မှောက်တယ်ဆိုတာ ကလေးတွေကသိသားပဲ၊ ရှိတယ် ဒီစာမသင်ရလို့ ဒီစာသင်ချင်လို့ သပိတ်မှောက်တယ်ဆိုပြီး ရှိတာ သိသေးတယ်. . . (မှန်ပါ)၊ ခင်ဗျားတို့က သိလို့မှောက်တာလားတဲ့၊ ရှိမှန်းကို မသိလို့ ဒီလမ်းအတိုင်း လှည့်သွားနေတာလား-ဘယ့်နှယ်ဆိုကြမလဲ . . . (မသိလို့ပါဘုရား)၊ ဒီလမ်းအတိုင်း ပြေးနေတယ်၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

ဟာ. . . တရားက ဟော မဟောရသေးဘူး၊ နာရီဝက်ကစေ့တော့မယ်. . . (ရယ်သံများ)၊ အတော်ဆိုးနေတယ်။

ကဲ-ဒါဖြင့် နောက်ဘဝက ခင်ဗျားတို့ ဘာဖြစ်ခဲ့သတုံး - ဟိုသမုဒယနဲ့ ဒုက္ခ (မှန်ပါ)၊ (သမုဒယနဲ့ ဒုက္ခပါဘုရား)။

## ဒီဘဝကော ဘာတွေလုပ်ခဲ့သတုံး

ဒီဘဝကော ခင်ဗျား ဘာလုပ်ခဲ့သတုံး၊ နောက်ဘဝကလည်း သမုဒယနဲ့ဒုက္ခနေခဲ့တယ်၊ ဒီဘဝမှာလည်း သမုဒယနဲ့ ဒုက္ခနေခဲ့တယ်. . . (မှန်ပါ)၊ နောက် ဘာဖြစ်ဦးမှာတုံး. . .

(သမုဒယနဲ့ ဒုက္ခဖြစ်မှာပါပဲ)၊ နောက် ဆက်လက်ပြီး သွားရင် ဘာဖြစ်ဦးမှာတုံး. . . (သမုဒယနဲ့ဒုက္ခ ဖြစ်ဦးမှာပါပဲ)။

ခက်ကောင်း ခက်ရချေရဲ့၊ အကောင်းဆိုရင် ပါသေးရဲ့လား. . . (မပါပါဘူး)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

အဲ့ဒီတော့ ဘုရားက ကြည့်တော်မူတယ်၊ သံသရာခရီးသည်တွေ, ငါကယ်တင်ရမည့် ပုဂ္ဂိုလ်တွေ ကြည့်လိုက်တော့ သမုဒယက ဒုက္ခပေးမည့်တရား၊ ဒုက္ခက ဒုက္ခရတဲ့တရား. . . (မှန်ပါ)၊ ကြည့်လိုက်တော့ ဘာမြင်လိုက်သတုံးဆိုလို့ရှိရင် မီးလောင်လိုက် လဲသေလိုက်. . . မီးလောင်လိုက် လဲသေလိုက် ဒါချည့်ဖြစ်နေတာပဲ. . . (မှန်ပါ)။

မီးလောင်လိုက်. . . (လဲသေလိုက်ပါ)၊ မီးလောင်လိုက် . . . (လဲသေလိုက်)၊ ဒါချည့်မြင်တော့ ဘုရားက မသနားပေဘူးလား သနားမလား. . . (သနားပါတယ်)။

သို့သော် ခင်ဗျားတို့ကတော့ မီးလောင်ရင်လည်း ပြုံးလိုက်၊ လဲသေလိုက်ရင် ငိုချင်းချလိုက်၊ ဒါပဲ ခင်ဗျားတို့ ဟင် (ဒါပါပဲဘုရား)။

## မီးလောင်ရင်ပြုံးကြတယ်

မီးလာင်ရင် ခင်ဗျားတို့က ပြုံးတယ်. . . (မှန်ပါ)၊ ကိလေ

သာ မီးလောင်တာ ခင်ဗျားတို့က ပြုံးတယ်. . . (ပြုံးပါတယ် ဘုရား)၊ ငွေကလေးရတယ်ဆိုရင် ကိလေသာ မီးဟပ်တယ်. . (မှန်ပါ)၊ ငွေကလေးရတဲ့အခါ ဦးလှကြီးတို့က ဘယ့်နှယ်နေသတုံး ပြုံးတယ်. . . (ပြုံးပါတယ်)၊ မီးလောင်လို့ပြုံးတာ. . . (မှန်ပါ)၊ မီးလောင်လို့ ပြုံးတာဖြင့် သာမညအရှုံးမဟုတ်ဘူးနော်. . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

မီးလောင်လို့ပြုံးရင်တော့. . . (သာမညအရှုံး မဟုတ်ပါဘူး)၊ သာမညအရှုံးဆိုရင်တော့ မပြုံးဘူးဗျ. . . (မှန်ပါ)။ တကယ့်ကို သွက်သွက်ခါနေလို့၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## ငွေရလို့ပြုံးတာကို ဘယ့်နှယ်ဆိုကြမယ်

ငွေရလို့ပြုံးတာ ဘယ့်နှယ်ဆိုကြမယ်၊ ကိလေသာ မီးလောင်တာဗျ. . . (မှန်ပါ)၊ ကိလေသာမီးလောင်တော့ ခင်ဗျားတို့က ဘယ့်နှယ်တုံး ကျေနပ်တယ်. . . (မှန်ပါ)။

ကိလေသာမီးလောင်တာကို ဒီမီးဟာ အပါယ်လည်း ရောက်အောင် လုပ်နိုင်တယ်၊ ယခုလည်း ရောက်တဲ့နေ့ကစ၍ ပူပန်စေတယ်. . . (မှန်ပါ)၊ မပူပန်စေဘူးလား. . . (ပူပန်စေပါတယ်)။

ဒီနေ့ ငွေ သိန်းကိုးသောင်း အိမ်မှာရောက်တယ်၊ ရောက်တဲ့နေ့ကစ၍ ပူပန်တာပဲ. . . (မှန်ပါ)၊ မလောင်ဘူးလား

. . . (လောင်ပါတယ်ဘုရား)၊ လောင်ပေမယ့် ခင်ဗျားတို့က ဘယ့်နှယ်နေသတုံး. . . (လောင်မှန်းမသိပါဘူး)၊ သိတယ်. . . သိတော့၊ ပြုံးတယ်၊ လောင်မှန်းသိလို့ ပြုံးတာ. . . (မှန်ပါ)။

ဒါဖြင့် မီးလောင်လို့ ပြုံးရင် ဘယ့်နှယ်ဆိုကြမလဲ. . . (သွက်သွက်ခါရူးပါ)၊ သွက်သွက်ခါရူးပဲ၊ ဒီ့ပြင်လဲ ဆုံးဖြတ်ချက် ချရန် ဘာမှမပါဘူး. . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## သံသရာထဲမှာ ဘယ်လိုနေကြသတုံး

အဲဒီတော့ ခင်ဗျားတို့ သံသရာထဲမှာ ဘယ်လိုနေကြ သတုံးဆိုတော့ မီးလောင်လို့ ပြုံးတာရယ်၊ ငိုခြင်းချတာရယ် . . . (မှန်ပါ)၊ နောက်တော့ ဒီပစ္စည်းတွေကမွဲ၊ ခန္ဓာက သေခါနီး ကျတော့ ငိုခြင်းချတယ်. . . (မှန်ပါ)။

ရတုန်း ပြုံးတယ် ဟုတ်လား. . . (မှန်ပါ)၊ သေခါနီး ကျတော့ မျက်ရည်ကျတယ်. . . (မှန်ပါ)။

## အရူးပြုံးရယ်၊ ငိုခြင်းချတဲ့ပွဲရယ်

ဒါဖြင့် အရူးပြုံးရယ်၊ ငိုခြင်းချတဲ့ပွဲရယ် ဒီနှစ်ပွဲချည်းခံ နေရတယ်. . . (မှန်ပါ)။

အရူးပြုံးကကော ကောင်းသလား. . . (မကောင်း ပါဘူး)၊ ငိုခြင်းချတဲ့ပွဲကကော (မကောင်းပါဘူး)၊ ဒါဖြင့်

ဒီနှစ်ပွဲချည်းပဲ ခင်ဗျားတို့ လှည့်ခံနေရတာ ဘယ်လောက်ကြာပလဲ. . . (မရေတွက်နိုင်ပါဘူး)၊ မရေတွက်နိုင်ဘူး။

ဒီတစ်ခါ ခင်ဗျားတို့ ဖြတ်ရင်ဖြက်၊ မဖြတ်ရင်သွားပြီ. . . (မှန်ပါ)၊ ဘယ်နည်းနဲ့မှ မတတ်နိုင်တော့ဘူး. . . (မတတ်နိုင်ပါဘူး)၊ ဒါ ဦးမာဒင် သံဝေဂတရားလားတဲ့၊ ဖြစ်စဉ်ကိုက်လား . . . (ဖြစ်စဉ်ကိုက်ပါ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

## ရှုမှန်းသိရင်ဆေးရှာတယ်

အံမာလေး မလွယ်ပါလားဗျ ခင်ဗျားတို့. . . (မလွယ်ပါဘူး)၊ ဒီရှုတာ ရှုမှန်းသိရင် ဆေးရှာတယ်. . . (မှန်ပါ့)၊ ရှုတာ ရှုတာမှန်းမသိတဲ့ပုဂ္ဂိုလ်က. . . (ဆေးမရှာပါဘူး)၊ ဆေးမြင်ရင်ပြေးတယ်. . . (မှန်ပါ)။

ရှုတာ ရှုတာမှန်းသိတဲ့ပုဂ္ဂိုလ်က. . . (ဆေးရှာပါတယ်)၊ ရှုတာမှ ရှုမှန်းမသိတဲ့ ပုဂ္ဂိုလ်က . . . (ဆေးမြင်ရင် ပြေးပါတယ်)။

ဆေးမြင်ရင်ပြေးတယ်၊ ခင်ဗျားတို့ ဘယ်အထဲက ထင်သတုံး. . . (ဆေးမြင်ရင်ပြေးတဲ့ဘဝထဲကပါ)၊ ဟာ-သွက်သွက်ခါနေပြီ. . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## ဆေးမြင်ရင်ပြေးတယ်

ဆေးမြင်ရင် ပြေးတယ်ဆိုတော့ ခင်ဗျားတို့က ပြုန်းခနဲ

မယုံဘူး. . . (မှန်ပါ)၊ ဟိုမှာ တရားထူးတရားမြတ် ခင်ဗျားတို့ သံသရာဖြတ်လမ်း ဟောနေပါတယ်ဆိုလို့ရှိရင်၊ ကယ်တင်နေပါတယ်ဆိုလို့ရှိရင် ခြေကမသွက်ဘူးဗျ. . . (မှန်ပါ)၊ ဘယ်ကိစ္စကလေး၊ ဘယ်ဟာကလေးကြောင့် မပြီးသေးပါဘူး. . . (မှန်ပါ) ဟိုဆေးမြင်ရင် ဘယ့်နှယ်နေသတုံး. . . (ပြေးပါတယ်)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

အဲတော့ သွက်သွက်ခါတဲ့ဇာတ်ကို ခင်ဗျားတို့က အမြခင်နေတယ်. . . (မှန်ပါ)။ မဆိုးရွားဘူးလား. . . (ဆိုးရွားပါတယ်)။

ဒါ အသက်အရွယ်ကြီးလို့ ခင်ဗျားတို့ အခုသွက်သွက်ခါ ရပ်မလို့ စိတ်ကူးရှိသေးတာ. . . (မှန်ပါ)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားတို့ ဒီလိုလုပ်ကြဆိုတော့၊ ဝိုင်းပြီး ပြီနော်၊ သံသရာ့ခရီးတွေ သိပြီးပြီ. . . (မှန်ပါ)၊ ဖြတ်ပြမယ်. . . (မှန်ပါ)။

## ဘယ်သူတွေ၊ ဘယ်လိုဖြတ်သတုံး

ဖြတ်တော့ ခင်ဗျားတို့က ပြော်-ဘယ်သူ ဘယ်လို ဖြတ်ပါလိမ့်မတုံး နမူနာယူရလိမ့်မယ်. . . (မှန်ပါ)၊ ဘယ်သူဟာ ဘယ်လိုဖြတ်ပါလိမ့်၊ နိဗ္ဗာန်ဆိုတဲ့ အရှုဇာတ်သိမ်းတဲ့ဆီ ရောက်

ပါလိမ့်မလဲဆိုတာ ခင်ဗျားတို့က အကဲခတ်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားဖြစ် တော်မူတယ်၊ ဦးလှလည်း ကြားဖူးတယ်. . . (မှန်ပါ)၊ ဦးမာဒင် တို့လည်း ကြားဖူးတာပဲ. . . (မှန်ပါ)။

ရော-ခက်နေပြီ ခင်ဗျားတို့ကတော့ ဗောဓိပင်နဲ့ ရွှေပလ္လင် ဘုရားဖြစ်လို့ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဖူးချင်တယ်. . . (မှန်ပါ)၊ ဘာဖြစ်လို့တုံး၊ ဘုရားဖြစ်တဲ့နေရာမို့. . . (မှန်ပါ)၊ တယ်ထူးတဲ့ နေရာပေပဲ. . . (မှန်ပါ)၊ ခင်ဗျားတို့က အဲဒီနေရာကိုတော့ လွမ်းပြီ. . . (မှန်ပါ)။

## ကိလေသာကုန်လို့ဘုရားဖြစ်တာ

မဟုတ်ပါဘူးတဲ့၊ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားက ဘုရားဖြစ်တာမဟုတ်ပါဘူး၊ ဗောဓိပင်နဲ့ ရွှေပလ္လင်က သူပြုထား တဲ့ ကာမာဝစရ ကုသိုလ်က အကျိုးပေးတာ. . . (မှန်ပါ)၊ ဘုရားဖြစ်တာတော့ ကိလေသာကုန်လို့ ဘုရားဖြစ်တာ။

ဘုရားဖြစ်တာက. . . (ကိလေသာကုန်လို့ပါဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ခင်ဗျားတို့က ဘုရားဖြစ်တာကို မသိသေးဘူး၊ ဗောဓိပင် နဲ့ ရွှေပလ္လင်မှာ ဖြစ်တယ်ပဲ အောက်မေ့တယ်. . . (မှန်ပါ)၊ ရိပ်မိ ပလား. . . (ရိပ်မိပါပြီ)။

## ဝေဒနာနဲ့တဏှာကြားမှာဘုရားဖြစ်တာ

ဘုရား ဘယ်နေရာမှာဖြစ်သတုံးလို့ မေးတဲ့အခါကျတော့မှ ဒကာ ဒကာမတွေ မှတ်ထားပါတဲ့၊ ဟောဒီဝေဒနာနဲ့ ခန္ဓာငါးပါးထဲမှာ ဝေဒနာ မပါဘူးလား. . . (ပါ,ပါတယ်ဘုရား)။ ဒီဘက်က တဏှာ၊ ဉပါဒါန်၊ ကံကော မရှိဘူးလား. . . (ရှိပါတယ်)၊ ဒီကြားမှာ ကိုယ်တော်မြတ်ကြီးဟာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဒီကြားရပြီး ဘုရားဖြစ်တာ. . . (မှန်ပါ)၊ ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားဖြစ်တာ. . . (မှန်ပါ) ဗောဓိပင်နဲ့ ရွှေပလ္လင်မှာဖြစ်တာမဟုတ်ဘူး. . . (မှန်ပါ)။*

ဆန်းဆန်းဟောတယ်လို့ အောက်မေ့မနေနဲ့၊ ဒါခန္ဓာထဲမှာ ဘုရားဖြစ်တာပြောတာ. . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဆန်းဆန်းဟောတာလား၊ ခန္ဓာထဲမှာ အစစ်ဘုရားဖြစ်တာကို ဟောတာလား. . . (ခန္ဓာထဲမှာ အစစ်ဘုရားဖြစ်တာကို ဟောတာပါ)။

* ပဋိစ္စသမုပ္ပါဒ်အစဉ်၌ ဘုရားဖြစ်သည့်နေရာကို မြင်ရန် ပြသတော်မူခြင်းဖြစ်သည်။

## ပညတ်ဘုရားကိုသိနေတာ

ခင်ဗျားတို့ သိတာက ပညတ်ဘုရားသိနေတာ. . . (မှန်ပါ)၊ ပညတ်ဗောဓိပင် ရွှေပလ္လင်ပေါ်မှာ ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်တယ်၊ သစ္စာလေးပါးသိတယ်၊ ဒီလိုယူထားတယ်. . . (မှန်ပါ)၊ မဟုတ်ပါဘူးတဲ့၊ ဘုန်းကြီးကပြောတယ်၊ မဟုတ်ပါဘူး တဲ့၊ ဗောဓိပင်နဲ့ ရွှေပလ္လင်ဆိုတာ သူပြုထားတဲ့၊ လှူထားတဲ့ ကုသိုလ်တွေက အကျိုးပေးတဲ့နေရာ. . . (မှန်ပါ)၊ ကိလေသာ ကုန်တာကတော့ ဒီနေရာမှာ-ဟောဒီခန္ဓာကြီး ပွားများလိုက်လို့ ဒီနေရာမှာ သဗ္ဗညုတဉာဏ်ဆိုတဲ့ မြတ်စွာဘုရားဟာ ဒီဝမ်းထဲမှာ ဝေဒနာနဲ့ တဏှာကြားမှာ ပေါ်တာ. . . (မှန်ပါ)၊ ရိပ်မိပလား. . (ရိပ်မိပါပြီ)။

ဘယ်မှာပေါ်ပါလိမ့်. . . (ဝေဒနာနဲ့ တဏှာကြားမှာ ပေါ်ပါတယ်)၊ ဒါဖြင့် ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားဖြစ်တာ ဗျ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## ဘယ်မှာဘုရားဖြစ်သတုံး

ဘယ်မှာဘုရားဖြစ်သတုံး. . . (ဝေဒနာနဲ့ တဏှာကြား မှာ ဘုရားဖြစ်ပါတယ်)၊ နို့ ခင်ဗျားတို့က ဘယ်မှာ ဘုရားဖြစ်တယ် ပြောသလဲ. . . (ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားဖြစ်တယ် ပြောပါတယ်)၊ သွားပြီ၊ သွားပြီ၊ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားဖြစ်တယ်ဆိုကတည်းက သွားပြီ. . . (မှန်ပါ)၊ ဗောဓိပင်နဲ့

ရွှေပလ္လင်မှာ ဘုရားဖြစ်တယ်ဆိုလို့ရှိရင်ဖြင့် ဦးလှတို့က စဉ်းစား ကြည့်တာပေါ့၊ ဉာဏ်ကမှ ကိလေသာဖြတ်တာ. . . (မှန်ပါ ဘုရား ဉာဏ်ကမှ ကိလေသာဖြတ်ပါတယ်)။

ဉာဏ်ကမှ ဘာဖြစ်သတုံး. . . (ကိလေသာဖြတ်ပါတယ် ဘုရား)၊ အဲဒီတွင် ဝိပဿနာရှုလိုက်လို့ဘုရားဖြစ်တာ. . . (မှန်ပါ)။

သူ့ခန္ဓာကြီးကို ဒီဝေဒနာနောက်ကနေပြီး, **ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်**နောက်ကနေပြီး ခန္ဓာကြီးကို **အနိစ္စ ဒုက္ခ၊ အနတ္တ**နဲ့ ရှုလိုက်တော့ မဂ်လေးတန်ရပြီး သဗ္ဗညုတဉာဏ်၊ ဒီဉာဏ်က ဘုရားဖြစ်တာဗျ. . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိ ပါပြီ)။

ဒါဖြင့် ခန္ဓာငါးပါးရှုပွားတဲ့ ဉာဏ်ကြောင့် ဘုရားဟူသော နာမပညတ်ရတယ်. . . (မှန်ပါ)၊ နို့မဟုတ်ရပ့်မလား. . . (မရပါဘူး)၊ သဘောပါပလား. . . (ပါပါပြီ)။

အဲဒီတော့ ဒီလိုယူလိုက်၊ ဦးလှလည်း သံသရာစခန်း သတ်ချင်လို့ဘုရား။ အနာဂတ်သံသရာပေါ့လေ၊ ၁-၂-၃-၄ နော် . . . (မှန်ပါ)၊ ဦးမာဒင်ကလည်း ဒီဘက်သံသရာကြီး လျှောက်ချင် သေးရဲ့လား. . . (မလျှောက်ချင်ပါဘူး)၊ နောက်က ဒကာ ဒကာမတွေကော. . . (မလျှောက်ချင်ပါဘူး)။

မလျှောက်ချင်ရင် ခင်ဗျားတို့ ဒီနေရာ လက်ရှိခန္ဓာနောက်

ကနေပြီး ဒီဉာဏ်ထိုင်ရမယ်. . . (မှန်ပါ)၊ လက်ရှိခန္ဓာနောက်က ဒီဉာဏ်သာထိုင်၊ ဒီဘက်က အကုန်ပြတ်ပဲ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## ခန္ဓာငါးပါးနောက်ကဉာဏ်တရားလိုက်ပါ

ဒါဖြင့် ဘာအရေးကြီးသတုံးဆိုတော့ ခန္ဓာငါးပါး၊ သူ့နောက်က ဉာဏ်တရားလိုက်ဖို့ အရေးကြီးတယ်. . . (မှန်ပါ)။

ခန္ဓာငါးပါးနောက်က. . . (ဉာဏ်တရားလိုက်ဖို့ အရေးကြီးပါတယ်)။

ဉာဏ်တရားလိုက်လို့ရှိရင် ဒကာ ဒကာမတို့၊ ဒီဟာတွေဟာ တန်းသာပြထားတယ် ဉာဏ်လိုက်တဲ့ပုဂ္ဂိုလ်မှာ ပေါ်ခွင့်မရဘူး. . . (မရပါဘူး)။

ဉာဏ်လိုက်တဲ့ ပုဂ္ဂိုလ်မှာ . . . (ပေါ်ခွင့်မရပါဘူး)၊ ပေါ်ခွင့်မရဘူး၊ **တဏှာ**၊ ဥပါဒါန်၊ ကံဘယ့်နှယ်တုံး. . . (ပြတ်သွားပါတယ်)၊ မပေါ်ရင်နောက်ဘဝ **ဇာတိ, ဇရာ, မရဏ**ဆိုတာကော. . . (မရပါဘူး)၊ သူမှမလာဘဲနဲ့ ဒီဘက်လှည့်ချင်လို့ ရပ့်မလား. . . (မလှည့်နိုင်ပါဘူး)၊ မလှည့်နိုင်ဘူး ဆိုတာကော သေချာပလား. . . (သေချာပါပြီ)။

## တို့လုပ်ရမည့်နေရာသိပြီ

ဩော်. . . ဒါဖြင့် ဒီနေ့ တို့လုပ်ရမည်နေရာ သိပြီ (မှန်ပါ) ဘာတုံး (လုပ်ရမည့်နေရာသိပြီ)၊ ခန္ဓာ့နောက်က ဉာဏ်လိုက်ရင် ရမယ် (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီ)။

ဘယ်နောက်ကတုံး. . . (ခန္ဓာ့နောက်က ဉာဏ်လိုက် ရပါမယ်)၊ ခန္ဓာ့နောက်က ဉာဏ်လိုက်ပေး. . . (မှန်ပါ)။

## မဂ္ဂင်ငါးပါးဟာဉာဏ်ပဲ

ဒီမှာ ပြထားတယ်၊ ဒါက ခန္ဓာ၊ ဒါက မဂ္ဂင်ဉာဏ်. . . (မှန်ပါ)၊ မဂ္ဂင်ငါးပါးဟာ ဉာဏ်ပဲ. . . (မှန်ပါ)။

ဒါ ဘယ်သူရှုရှု ဒီငါးပါးပေါ် ရမယ် (မှန်ပါ) ခန္ဓာ့နောက်က ဉာဏ်လိုက်လို့ရှိရင်ဖြင့် အနာဂတ်ဇာတ်သိမ်း၍ အဝိုင်းပြတ်မယ် (ပြတ်ပါတယ်)။

အနာဂတ်ဇာတ်သိမ်း၍. . . (အဝိုင်းပြတ်ပါမယ်)၊ ပေါ်ပ လား. . . (ပေါ်ပါပြီ)။

## အဝိုင်းပြတ်ရင်နိဗ္ဗာန်ရပြီ

အဝိုင်းပြတ်လို့ရှိရင် ခင်ဗျားတို့ ဒုက္ခက္ခန္ဓသ နိရောဓော ဟောတိ။ ဒုက္ခက္ခန္ဓဿ-နောက်လာမည့် ဒုက္ခအစုကြီး၏ နိရော ဓော ချုပ်ခြင်းသည်။ ဟောတိ ဖြစ်၏ နိဗ္ဗာန်ရပြီ. . . (မှန်ပါ)။

ဒါဖြင့် ဒီနေ့ ဘုရားဖြစ်တဲ့ နေရာသိပလား (သိပါပြီ)၊ ရှင်သာရိပုတ္တရာကြီး ဘယ်နေရာမှာ ရဟန္တာဖြစ်ပါလိမ့် (ဒီနေရာမှာ ဖြစ်ပါတယ်)၊ ဒီနေရာမှာပဲ။ ခန္ဓာနောက်က ဉာဏ်လိုက်တယ် . . . (မှန်ပါ)၊ ဝေဒနာနဲ့တဏှာကြားမှာ. . . (မှန်ပါ)၊ ဒီခန္ဓာထဲ ဝေဒနာ၊ ဒီကတဏှာ၊ ဝေဒနာနဲ့ တဏှာကြားမှာ ရှင်သာရိပုတ္တရာကြီး ရဟန္တာဖြစ်တယ်. . . (မှန်ပါ)၊ ဝေဒနာနဲ့ တဏှာကြားမှာ ဉာဏ်သွင်း လိုက်တယ်၊ တဏှာမလာတော့ဘူး . . . (မှန်ပါ)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

## ဝေဒနာနဲ့ တဏှာကြားနိဗ္ဗာန်ဝင်ကြတယ်

ဒါဖြင့် ကုဋေရှစ်ဆယ်နဲ့ ဗိုလ်ခြေတစ်သိန်း ကျွတ်တမ်းဝင်သွားကြတယ် (မှန်ပါ)၊ နှစ်ဆယ့်လေးသင်္ချေ၊ ကုဋေရှစ်ဆယ်၊ ဗိုလ်ခြေတစ်သိန်း နိဗ္ဗာန်ဝင်သွားကြတယ်၊ ဘယ်နေရာကဝင်သွားကြသလဲ (ဒီနေရာမှာပါဘုရား)။ ခန္ဓာ့နောက်က ဉာဏ်ရောက်တယ်. . . (မှန်ပါ)၊ တစ်နည်း-ဝေဒနာနဲ့ တဏှာကြားမှာ . . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ဝင်လိုက်တယ်၊ ရှေးဦးစွာ ဝိပဿနာမဂ်ဝင်လိုက်တယ်၊ နောက်လောကုတ္တရာ မဂ်ဝင်လိုက်တယ်. . . (မှန်ပါ)၊ သဘောပါကြပလား. . . (ပါပါပြီ)။

နာရီက စေ့သွားပြီ၊ ကျော်တောင်သွားပြီ ဆရာမြ၊ နောက်မှ အလုပ်ဆက်ဟောရမယ်၊ ခင်ဗျားတို့ကို မတတ်နိုင်တော့ဘူး ကျုပ်လည်း (မှန်ပါဘုရား)။

ကဲ ဒါပဲမှတ်ကြဦး။

သာဓု. . . သာဓု. . . သာဓု။